




mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK




K0194
mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၁၅ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ
အုပ်ရေ - ၅၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - အလင်္ကာဝတ်ရည်ပုံနှိပ်တိုက်(၆၃၂၇)
အမှတ် (၁၃၅)၊ လုံးသွယ် (၁) လမ်း၊၂၉-ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်။
၀၉ ၄၄၈၀၁၆၂၃၂
မျက်နှာဖုံးပန်းချီ - မျိုးမြင့်
တန်ဖိုး - ၂၂၀၀ ကျပ်

၈၉၅.၈၃
လင်္ကာရည်ကျော် / ကျောက်စရစ်ခဲကလေးများမှတစ်ဆင့်
ကျောက်စရစ်ခဲကလေးများမှတစ်ဆင့် / လင်္ကာရည်ကျော်။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်။
စာမျက်နှာ-၁၇၀၊ ၁၃×၂၀ စင်တီမီတာ။
(၁) ကျောက်စရစ်ခဲကလေးများမှတစ်ဆင့်

mgyoe.com

mgyoe.com SAMPLE BOOK

# ကျောက်စရစ်ခဲကလေးများမှတစ်ဆင့်

## လင်္ကာရည်ကျော်

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဓေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၂၅၉၂၉၁၈၃၇ ၊ ၀၉ ၇၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinèsales.com
/တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# လက်ရာရည်ကျော်၏ ထုတ်ဝေပြီးသော စာအုပ်များ

## ဝတ္ထုရှည်


၁။ ကြိုးကြာတောင်ပံခတ်သံ ၂၀၀၇၊ ၂၀၁၄

၂။ ဒေါက်တာရွှေသွေးနှင့် မပန်းမှုံ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၂

၃။ နေဝင် အိပ်တန်းတက် ၂၀၁၀

၄။ ချစ်စရာ အိမ်ကလေး ၂၀၁၁

၅။ တိမ်တွေ တောင်တွေနှင့် ခရီးသည် ၂၀၁၂

၆။ တစ်ပွင့်ကျန် ၂၀၁၂

၇။ တိမ်ညိုမှာ ငွေဇာကွပ်ကယ်နှင့် ၂၀၁၃

၈။ ပန်းခေါင်း ၂၀၁၄


## ဝတ္ထုတိုပေါင်းချုပ်


၁။ ပထမအိပ်မက် ဝတ္ထုတိုများ ၂၀၀၇၊ ၂၀၁၀

၂။ သမားလည်ပြန် ဝတ္ထုတိုများ ၂၀၀၉

၃။ သိင်္ဂါရအလှည့် ဝတ္ထုတိုများ ၂၀၁၀

၄။ အမြဲတေရတနာ ဝတ္ထုတိုများ ၂၀၁၀

၅။ ဆရာ့နှလုံးသား ဝတ္ထုတိုများ ၂၀၁၁

၆။ နေညိုကမ်းနဖူး ဝတ္ထုတိုများ ၂၀၁၁

၇။ ဝိုးတဝါး အတွေးစုများနှင့် ဝတ္ထုတိုများ ၂၀၁၁

၈။ နှလုံးသား ညာဘက် အပေါ်ခန်း ဝတ္ထုတိုများ ၂၀၁၂


## မမှဆောင်းပါး


၁။ မင်္ဂလာရှိသော အောင်မြင်မှု ၂၀၁၄


mgyoe.com

mgyoe.com SAMPLE BOOK

# ပါမောက္ခ ရဲမြင့်ကျော်(ဒေါက်တာရဲ) ကလေးအထူးကုဆရာဝန်ကြီး၏ ထုတ်ဝေပြီးသော စာအုပ်များ

## ဆောင်းပါးပေါင်းချုပ်


၁။ ကလေး ကျန်းမာရေးဆိုင်ရာ အယူအဆအမှားများ ၂၀၀၇၊ ၂၀၁၂

၂။ ရင်သွေးရတနာ ကလေးများအတွက် ၂၀၀၈

၃။ ရင်သွေးတို့ ရှင်သန် ကျန်းမာဖို့ ၂၀၀၈

၄။ စိန်တုံးကြီးများအကြောင်း ၂၀၀၉

၅။ ရှေးဦးကလေးသူနာပြုစုနည်း ၂၀၀၉

၆။ ကလေး နှလုံးရောဂါများအကြောင်း ၂၀၀၉

၇။ ဒါ စိုးရိမ်စရာလားနှင့် စိုးရိမ်စရာများ ၂၀၀၉

၈။ မမွေးဖွားမီမှ အရွယ်ရောက်သည်အထိ ကလေးပြုစုစောင့်ရှောက်နည်း ၂၀၁၁

၉။ စာရေးဆရာ ဆရာဝန်၏ အရှုးလွယ်အိတ် ၂၀၁၁

၁၀။ ကလေးဆရာဝန်၏ ဆရာဝန်ကလေးဘဝ ၂၀၁၁

၁၁။ အရောင်စုံ အသွေးစုံ ကလေး ကျန်းမာရေး ဆောင်းပါးများ ၂၀၁၁

၁၂။ လှုပ်လှုပ်ရှားရှား ကလေးကျန်းမာရေး ဆောင်းပါးများ ၂၀၁၁

၁၃။ လူငယ်တွေ ဖတ်စေချင်သည့် ကျွန်တော့်ဆောင်းပါးများ ၂၀၁၂

၁၄။ နောက်ဆက်တွဲ ကလေးကျန်းမာရေး အယူအဆအမှားများ ၂၀၁၂

၁၅။ တကယ်နော် ခက်သည့်အရွယ်တွေအကြောင်း ၂၀၁၃

၁၆။ နောက်ဆက်တွဲ ကလေးကျန်းမာရေးအယူအဆအမှားမှား-၂ ၂၀၁၄


## ဘာသာပြန်ဆောင်းပါး


၁။ ခေါင်းဆောင်ကောင်းဖြစ်မည့် စိတ်နေသဘောထား ၂၀၀၉


mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

၂၀၀၄ ခုနှစ်မှစ၍ 'လင်္ကာရည်ကျော်' ကလောင်အမည်ဖြင့် ရသစာပေများ ရေးသား ထုတ်ဝေခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေသော ပထမဦးဆုံးဝတ္ထုရှည် **'ကြိုးကြာတောင်ပံခတ်သံ'**ဖြင့် အမျိုးသားစာပေဆုကို လူငယ်စာပေကဏ္ဍမှ ရရှိခဲ့သည်။ **'ကြိုးကြာတောင်ပံခတ်သံ'**ကို စင်ရော်ရုပ်ရှင် ထုတ်လုပ်ရေးမှ ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ရိုက်ကူးခဲ့ရာ ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံးဇာတ်ကားဆုနှင့် အကောင်းဆုံး ဇာတ်ညွှန်းဆု အကယ်ဒမီ နှစ်ဆု ရရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် **'ကြိုးကြာတောင်ပံခတ်သံ'**ကို တက္ကသိုလ်များ မြန်မာစာအဖွဲ့က တတိယနှစ် ဝိဇ္ဇာဘွဲ့(မြန်မာစာ)အတွက် ပြဋ္ဌာန်းစာအုပ်အဖြစ် သတ်မှတ်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ထုတ်ဝေသော ဒုတိယဝတ္ထုရှည် **'ဒေါက်တာရွှေသွေးနှင့် မပန်းမှုံ'**သည်လည်း အမျိုးသားစာပေဆုကို ဝတ္ထုရှည်ကဏ္ဍမှ ရရှိခဲ့သည်။

ယခုအထိ ဝတ္ထုရှည် ၇ ပုဒ်နှင့် ဝတ္ထုတို ၁၀၀ ကျော် ရေးသားခဲ့ပြီး ဝတ္ထုတိုပေါင်းချုပ်များလည်း ထုတ်ဝေခဲ့သည်။

၂၀၀၀ ပြည့်နှစ်မှစ၍ ကလေးကျန်းမာရေး ပညာပေး စာအုပ်များကို ရေးသားထုတ်ဝေခဲ့ပြီး **'မမွေးဖွားမီမှ အရွယ်ရောက်သည်အထိ ကလေး**

mgyoe.com

mgyoe.com SAMPLE BOOK

ပြုစုစောင့်ရှောက်နည်းများ' စာအုပ်နှင့် ၂၀၁၃ ခုနှစ်တွင် သုတစွယ်စုံ စာပေဆု ကို အသုံးချသိပ္ပံ ဘာသာရပ်ကဏ္ဍမှ ရရှိခဲ့သည်။

လူငယ်ပညာပေး ဆောင်းပါးများလည်း စဉ်ဆက်မပြတ် ရေးသားခဲ့ သည်။

ဓမ္မဆောင်းပါးများလည်း ရေးသား ထုတ်ဝေခဲ့ဖူးသည်။

ယခုအခါ ဆရာသည် ပါမောက္ခ၊ ဌာနမှူး၊ ကလေးကျန်းမာရေးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန် တာဝန်ခံ ကလေးအထူးကုဆရာဝန်ကြီး ကလေး ဆေးရုံကြီး ရန်ကုန်နှင့် ဥက္ကဋ္ဌ၊ ကလေးကျန်းမာပညာအဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန် များအသင်း တာဝန်များ ထမ်းဆောင်ရင်း ရသ၊ သုတနှင့် ဓမ္မစာပေများ စဉ်ဆက်မပြတ် ရေးသားလျက် ရှိသည်။

mgyoe.com

mgyoe.com · SAMPLE BOOK

စမ်းရေ၏ အလျှဉ်သည် မြန်၏။ မြန်သော ရေအလျှဉ်ကြောင့် ရေ၏ မျက်နှာပြင်သည် ညီညာသည်သို့ ရှိ၏။

တစ်ခါတစ်ရံမှသာ ရေလှိုင်းပွက်ကလေးများကို ဟိုတစ်စ သည်တစ်စ ကျိုးတိုးကျဲတဲ မြင်နေရသည်။

ရံဖန်ရံခါတွင် လှိုင်းပွက်ကလေးများသည် ရေတွင် လိမ့်မျောပါလာသော ကျောက်စရစ်ခဲကလေးများကို စမ်းရေ၏ အောက်ခြေသို့ အနည်ထိုင်စေတတ်၏။ ထိုနောက်တွင်မူ လှိုင်းပွက်ကလေးများသို့ ပျောက်ကွယ်ကြ၏။ ကျောက်စရစ်ခဲကလေးများသည်မှ တစ်ချို့က လှိုင်းပွက်ကလေးများ ပေါ်ခဲ့ဖူးသည်ကို အသိအမှတ်ပြုရာ ကျောက်ချ အမှတ်အသားအဖြစ် ရေလွှာအောက်သို့ သက်ဆင်းဇာတ်ကြ၏။

မြန်သော ရေအလျှဉ်ကြောင့် ရေ၏ မျက်နှာပြင်ကို မြင်ရ၏။ ထိုအောက်ခြေမျက်နှာပြင်တွင်မူ ကျောက်စရစ်ခဲကလေးတို့ များစွာ ရှိလေသည်။

ထိုကျောက်စရစ်ခဲကလေးများမှတစ်ဆင့်

... ... ... ... ... ... ... ... ... ...

လင်္ကာရည်ကျော်

(၁၉၈၃ ခုနှစ်၊ ဆေးတက္ကသိုလ် (၁)၊

ရန်ကုန်နှစ်လည်မဂ္ဂဇင်း)

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# စာအုပ်

## တစ်

ကျော်မြင့်

mgyoe.com

mgyoe.com SAMPLE BOOK

# ( ၁ )

၂၀၀၉ ခုနှစ်။

ဦးတင်ညွန့် သတိလစ်နေသည်ဟု အများက ထင်နေသည်မှာ နှစ်ပတ် ကျော်သွားပြီ ဖြစ်သည်။

သတိလစ်နေသည်ဟု အများက ထင်ရသည့် အကြောင်းရင်းကတော့ ဘေးမှာ ရှိနေသည့် ဇနီးနှင့် သားများ ခေါ်ကြ မေးကြသည်ကိုလည်း ဘာမှ ပြန်မဖြေ။ လှုပ်ရှားမှုလည်း ဘာမှ မရှိတော့၍ ဖြစ်သည်။

မျက်လုံး နှစ်ဖက်ကတော့ ဖွင့်နေသည်။

သို့သော် ဒီမျက်လုံးနှစ်ဖက်က ပြင်ပအာရုံ ဘာကိုမှ မမြင်နိုင်၊ မခံစားနိုင်ဘဲ ကွယ်နေခဲ့တာ ၁၀ နှစ်ခန့်ရှိနေပြီမို့ ကြည့်နေသည်ဟုလည်း ထင်စရာ အကြောင်း မရှိပါ။

ဒီတော့ အားလုံးက ဦးတင်ညွန့်ကို သတိလစ်နေသည်ဟုပဲ သတ်မှတ် ထားကြသည်။

တကယ်တော့ မကြာခဏ ဆိုသလို အမှောင်ဖုံးသွားတတ်သည့် သတိက ကြိုးကြားကြိုးကြားတော့ အသိရှိနေခဲ့ပါသည်။ စကားမပြောနိုင်တာ၊ မလှုပ်ရှားနိုင်တာသာ ရှိပေသကိုး။

အဲဒီ သတိမှာ အမြင်အာရုံလည်း ရှိနေခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီ အမြင်အာရုံမှာ နှစ် ၇၀ လောက်အတွင်း သူ မြင်ခဲ့ဖူးသမျှ အရာများ အားလုံး မကြာခဏ လာပေါ်ပေါ်နေသည်။

လာပေါ်နေတာ အများဆုံးကတော့ ကျောက်စရစ်ခဲကလေးများပဲပေါ့။

( ၂ )

၁၉၄၆ ခုနှစ်

စမ်းချောင်းတွေထဲက သွားဆယ်မှ ရမည့် ကျောက်စရစ်ခဲမျိုးကလေးတွေ အများကြီးကို လမ်းဖြစ်အောင် ခင်းထားတာ တစ်ခါမှ မမြင်ဖူးသော ကျော်မြင့်တစ်ယောက် လမ်းကို ငေးကြည့်နေရင်း အတွေးပင်လယ်ဝေနေသည်။

ဒီလောက် ရှယ်တူ ကျောက်စရစ်ခဲကလေးတွေ သူတို့ ဘယ်မှာများ သွားကောက်လာကြပါလိမ့်။

အင်္ဂလိပ်တွေတော့ ဖြစ်ဟန်မတူ။ စစ်တပ်က အင်္ဂလိပ်စစ်တပ် ဖြစ်သော်လည်း တပ်တွင်းလမ်းတွေ ခင်းဖို့ ကျောက်စရစ်ခဲ သွားကျုံးရတာကတော့ မြန်မာရဲဘော်ကလေးတွေပဲ ဖြစ်လိမ့်မည် ထင်သည်။

စစ်တပ်ထဲကို ရောက်ဖူးတာ ဒါ သူ့အတွက် ပထမအကြိမ် မဟုတ်။ ဂျပန် ဝင်ခါစကလည်း သူ တစ်ခါ စစ်တပ်ထဲ လာဝင်ဖူးသည်။ ဘယ်ပြည့်ပါ့ မလဲ အဲဒီတုန်းက အသက်က။ သူ့အသက်က ယခုမှ ၁၈ နှစ်ပြည့်တာ မဟုတ်ပါလား။

အဖေ နောက်မိန်းမ ယူတာ မကျေနပ်လို့ ရွာက ထွက်ပြေးလာပြီး စစ်ထဲ ဝင်ခဲ့တာလေ။

မိထွေးနှင့် မနေချင်တာတော့လည်း မဟုတ်။

မနေချင်စရာလည်း အကြောင်းမရှိ။ အဲဒီမိထွေးက အစကတည်းက သူ့ကို ထိန်းကျောင်းနေသည့် အမေ့ညီမအရင်း။ သူ့အဒေါ်အရင်း ဖြစ်သည်။ ပြောကြကြေး ဆိုလျှင် အဖေက အရက်လည်း သောက်တတ်သည်။ အင်္ဂလိပ်က ခန့်ခဲ့သော ရွာသူကြီး ဖြစ်ခဲ့ဖူးတော့ ဘယ်သူ့ကို စကားပြောပြော ဩဇာသံနှင့် မာမာထန်ထန် ပြောတတ်သည်။ သူကြီး ပြုတ်ပြီးကတည်းက ရွာထဲမှာ

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ကို ခေါ်ချင် ပြောချင်သူပင် သိပ်မရှိ။ နာချင်း နာလျှင် အဒေါ်ဘက်ကတောင် နာရဦးမည်။

သူ့ မကျေနပ်တာက အမေ ဆုံးပြီး၍ ညီမငယ် နှစ်ယောက် လူမမည် အရွယ် ကလေးတွေပဲ ရှိသေးတုန်း။ ပြီးတော့ ဘာအလုပ်မှလည်း မည်မည်ရရ လုပ်စရာ မရှိ၍ မုဆိုးဖိုဘဝနှင့် ဒီကလေး သုံးယောက်ကို ဘယ်လို ပြုစုကျွေးမွေး ရမည်ဟု စဉ်းစားဖို့ကောင်းတုန်း အချိန်မှာ မိန်းမ ထပ်ယူလိုက်တာကိုပါ။

သူ ဆိုလျှင် ပညာတောင် ကောင်းကောင်းမသင်လိုက်ရ။ ဒုတိယ ကမ္ဘာစစ်မီး စချိန်မှာ အလယ်တန်းအထိပဲ နေလိုက်ရသည်။

အင်္ဂလိပ်စာတောင် ဖတ်တတ်ချင်လွန်း၍ အင်္ဂလိပ်စာတတ်သူ ဘကြီး ဘုန်းကြီးဆီ နေ့တိုင်း သွားသင်ခဲ့ရတာ။

ဒီအဖေနှင့်သာ ဆက်နေလျှင်တော့ သူ့ဘဝ လူညွန့်တုံးတော့မည်ဟု ယူဆပြီး ပြေးခဲ့တာပါ။

အဲဒီတုန်းက အဒေါ်ဝမ်းကွဲ တစ်ယောက်သာ ငိုကြီးချက်မနှင့် လိုက် မခေါ်လျှင် သူ ဂျပန်ခေတ် တပ်သားကလေးဘဝနှင့် တစ်နေရာရာမှာ ကျဆုံးပြီး လောက်ပြီဟု ထင်သည်။

ယခု စစ်ပြီးတော့လည်း အဖေနှင့် ထပ်ပြဿနာတက်သည်။ ထပ်ပြေး ပြန်သည်။

ဒီတစ်ခါတော့ တစ်ယောက်တည်း မဟုတ်။ အစ်ကိုဝမ်းကွဲ တစ်ယောက် ပါ ပါလာသည်။ သူလည်း သူ့အကြောင်းနှင့်သူ။

ဒီတစ်ခါကတော့ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်က ဂေါ်ရာကုန်းဟု ခေါ်သော တောင်ကုန်းကလေးပေါ်က ဆက်သွယ်ရေးတပ်။

ခေါ်တာက ဆက်သွယ်ရေးတပ်သားသစ်။

ဆက်သွယ်ရေးတပ်သား ဆိုကတည်းက ဆက်သွယ်ရေးစက်ကို ကိုင်ရတော့မည်။ 'ဝါယာလက်စ် အော်ပရေတာ' တဲ့။ ပညာအခြေခံတော့ နည်းနည်းရှိရမည်ဟု ထင်သည်။

သို့သော် စစ်ပြီးခါစ အချိန်မှာ သူတို့ကလည်း ကြေးများမနေ။

ကိုယ်ကလည်း ဘကြီးဘုန်းကြီး သင်ပေးထားသည့် အင်္ဂလိပ်စာ လောက်နှင့် ရလိမ့်မည်ဟု ယူဆသည်။ ဒါနှင့်ပဲ ညီအစ်ကိုနှစ်ယောက် စွန့်စား ပြီး ထွက်လာခဲ့ကြတာ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


ပြဿနာ ဖြစ်ချင်တော့ သူတို့ ပညာအခြေခံ နည်းခဲ့တာက ပြဿနာ မဖြစ်။ ဆေးစစ်တာမှာ ပြဿနာ ဖြစ်သည်။

မျက်စိကျသတဲ့။ ညီအစ်ကို နှစ်ယောက်စလုံး။

မျက်စိ စမ်းသပ်စစ်ဆေးသော နံရံမှာ ချိတ်ထားသည့် ကတ်ပြားကြီးပေါ်က အင်္ဂလိပ်စာတွေကို မျက်စိတစ်ဖက်ချင်း ပိတ်၍ အော်ဖတ်ရသည်။ စစ်ဆေးသော ဆေးရဲဘော်က 'ဟိုမှာ မင်း ဖတ်တာ မှားတယ်၊ တွေ့လား…' ဟု ပြကာ ပြန်လွှတ်လိုက်သည်။ ပြန်တော့တဲ့။ ဆေးကျသတဲ့။

အဲဒီမှာ သူ စိတ်ပျက်လက်ပျက်နှင့် ထိုင်မှိုင်နေရင်း လမ်းပေါ်က ကျောက်စရစ်ခဲကလေးတွေကို ငေးကြည့်နေမိတာ ဖြစ်သည်။

သွားပြီ။

ရွာပြန်တော့။

သူများကမှ စစ်သားဖြစ်ခွင့် မရလျှင် လယ်သမား ဖြစ်ဦးမည်။ သူ့မှာ ထွန်စရာကလည်း လယ်တစ်ကွက်မှ မရှိ။

သူကြီးသား ဆိုသော်လည်း သူကြီးကိုယ်တိုင်က သူကြီး မဟုတ်တော့။ ဒီပညာအရည်အချင်းနှင့် စာရေးစာချီကလေး ဖြစ်ဖို့တောင် မလွယ်။

ဘာများ လုပ်ရပါ့မလဲ။

"ဟေ့ကောင် ကျော်မြင့်။ လာ သွားမယ်"

အစ်ကိုဝမ်းကွဲ၏ ခေါ်သံကြောင့် ခေါင်းမော့ကြည့်မိသည်။ လက်ထဲတွင် စာရွက်နှစ်ရွက် ဆုပ်ကိုင်ထားသော အစ်ကို့ကို တွေ့ရသည်။

"ဘယ်လဲ အစ်ကိုရ၊ ဝေဠုဝန် ပြန်မလို့လား"

ဝေဠုဝန် ဆိုတာ စမ်းချောင်းထဲက သူတို့ တည်းခဲ့သော ဘုန်းကြီးကျောင်း ဖြစ်သည်။ အစ်ကိုက ရယ်သည်။

"တပ်ထဲ ဝင်မှာကွ၊ မင်းလည်း ဆေးအောင်ပြီ၊ ငါလည်း ဆေးအောင်ပြီ၊ ရော့… ဒီမှာ မင်းစာရွက်"

ကျော်မြင့် ကြောင်တက်တက်နှင့် စာရွက်ကို လှမ်းယူသည်။

"နို့… စောစောက ကျတယ်ဆို"

အစ်ကိုက ကျွတ်ခနဲ မြည်တမ်းသည်။

"ဟေ့ကောင် အပိုတွေ ပြောမနေနဲ့။ မင်းလက်ထဲက စာရွက်မှာ တံဆိပ်တုံး ပါတယ် မဟုတ်လား။ ပြီးရောပေါ့၊ လာ သွားမယ်"

mgyoe.com

mgyoe.com SAMPLE BOOK


ကျော်မြင့်က လက်ထဲက စာရွက်ကို ငုံ့ကြည့်ပြန်သည်။

"ငါ့နာမည်လည်း မဟုတ်ဘူး"

"မင်းလက်ထဲက နာမည်က မင်းနာမည်ပေါ့ကွ။ မရှည်နဲ့။ လာ သွားစို့"

ကျော်မြင့် ခေါင်းကုတ်သည်။

"ငါ့နာမည် မဟုတ်ရုံဆို တော်သေးတယ်။ ဘာဖြစ်လို့ ငါ့ရည်းစား နာမည် လာဖြစ်နေရတာလဲ"

အစ်ကိုက ခဏ စဉ်းစားပြီးမှ မှတ်မိသွားဟန်နှင့် ရယ်သည်။

"ဟုတ်သားပဲ၊ ဘယ်တတ်နိုင်မလဲ။ မင်းရည်းစားကိုက ယောက်ျား နာမည်မျိုးကြီး မှည့်ထားတာကိုး။ ဒါလည်း ပြီးပြီးသားကိစ္စတွေ၊ ထားလိုက်ပါ ကွာ။ ကိုယ့်ဘဝတောင် ဘယ်ရောက်လို့ ဘာဖြစ်မှာမှန်း မသိ။ လာ… သွားကြစို့"

ကျော်မြင့် နေရာမှ ထသည်။

## (၃)

သူ့ရှေ့က စားပွဲမှာ ချထားသော ဓာတ်ကြိုးတွေ ဆက်ထားသည့် မောင်းတံလို ကိရိယာကလေးကို ကြည့်၍ သူ စိတ်ရှုပ်နေသည်။

သူ တစ်ယောက်တည်း မဟုတ်။

တစ်ခန်းလုံးမှာ ရှိသော တပ်သားသစ်တွေ၏ ရှေ့မှာ အဲဒီလို ကိရိယာ ကလေးတွေ ရှိနေသည်။

အခန်းရှေ့က စင်မြင့်ပေါ်က စားပွဲတွင် ထိုင်နေသော တပ်ကြပ်ကြီး၏ ရှေ့မှာလည်း တစ်လုံး။

တပ်ကြပ်ကြီးက ရခိုင်သံဝဲဝဲနှင့် ရှင်းပြသည်။

"မန်းတို့ရှေ့က အတံကလေးကို နှိပ်ကြည့်ပါ။ တီ လို့ အတံထွက် မယ်"

'မန်း' ဆိုတာ 'မင်း'။ 'အတံ' ဆိုတာ 'အသံ'ဟု သဘောပေါက် လိုက်ပြီး နှိပ်ကြည့်သည်။ 'တီ' ပေါင်းများစွာ မြည်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

''ဟုတ်ပြီ၊ ဒီတစ်ခါ မန်းတို့အားလုံး ကြာကြာနှိပ်ကြည့်ပါ။ တီအီအီ ဆို အရှည်ကြီး ထွက်လာလိမ့်မယ်''

တီအီအီပေါင်း များစွာ။

''ဟုတ်ပြီ၊ ရှေ့လျှောက်ကို ငါက အတံထွက်လို့ ပြောရင် အဲသလို တီးပါ။ အတံမထွက်လို့ ပြောရင် ဟောဒီခလုတ်ကလေးတွေကို ပိတ်ထားပြီး နှိပ်ပါ။ အတို ဆိုရင် 'တီ'၊ အရှည် ဆိုရင် 'တီအီအီ'၊ ဟုတ်ပြီလား''

ဒါတော့ လွယ်သားပဲ။

အဲဒီနေ့ကစပြီး နောက်ပိုင်း အဲဒီအခန်းထဲမှာ–

''အတံထွက်''

''အတံမထွက်''

''တိုတစ်''

''ရှည်နှစ်''

''တီအီအီ''

''တီအီအီ''

ဆိုသည့် အသံတွေ ညံနေပါတော့၏။

ပထမတော့ လက်က ဟိုချော် ဒီနှိပ်။ နောက်ပိုင်း ကျင့်သားရတော့လည်း အမြန်သား။

အသံတိုက 'ဒက်'တဲ့။ အသံရှည်က 'ဒါ' တဲ့။

ဒက်-ဒါ-ဒါ-ဒါ-ဒါ ဆို ဂဏန်း တစ်... စသည်ဖြင့်ပေါ့။ 'အေ' ဆို ဘယ်လို။ 'ဘီ' ဆို ဘယ်လို။ အဲဒါတွေလည်း မှတ်ရသည်။

နောက်ပိုင်းကျတော့ သင်နေသည့် ဆရာကြီးက ရှေ့က နှိပ်ပြသည်။ သူတို့က စာလုံးတွေ လိုက်ဖော်ရသည်။ အရင်ဆုံး ဖော်နိုင်သူက လက်ထောင်ပြရသည်။ အဖြေမှန်လျှင် ချီးကျူးခံရသည်။

အဲဒီမှာ အမြဲတမ်း အရင်ဆုံး အဖြေကို သိပြီး အမြဲတမ်း မှန်နေသူ တစ်ဦးကို သူ သတိထားမိသည်။

ဘေးက သူငယ်ချင်းကို တိုးတိုးမေးမိသည်။

''အဲဒီကောင်က ဘာလို့ အကုန် သိသိနေရတာလဲ''

''သူက ကြေးနန်းရုံးက အော်ပရေတာကွ။ အရပ်ဘက်မှာ ဒါတွေ တတ်ပြီးမှ စစ်ထဲ ဝင်လာတာ''

mgyoe.com

 mgyoe.com SAMPLE BOOK 

''ဩော်...''

သူ မခံချင်ပါ။

သူ့ဟာသူ အရင်တတ်ထား တတ်ထား။ ဒီအတန်းထဲမှာ သူက ဘာကြောင့် အဲဒီ့ကောင်ကို လိုက်၍ မမီရမှာတဲ့လဲ။

ဗိဇကိုက မခံချင်တတ်သောသူမို့ အဲဒီရဲဘော် လက်ထောင်လျှင် သူ လိုက်ထောင်သည်။ ဆရာကြီးက အဖြေမေးလျှင် ဟိုလူက ချောလို့ သူက ထစ်အ ထစ်အ။ သို့သော် ဆရာကြီးက မဆူပါ။

နောက်နေ့တွေမှာလည်း သူ လက်ထောင်မြဲ လိုက်ထောင်သည်။ အဖြေတွေက တဖြည်းဖြည်း ပိုမှန်လာသည်။

တစ်ရက်မှာတော့ ဆရာကြီးက တစ်တန်းလုံးကို စကားပြောသည်။

''မင်းတို့ သင်တန်းက အပတ်စဉ် ၂ သင်တန်း ဖြစ်တယ်။ ဒါပေမဲ့ မင်းတို့ထဲမှာ ကျွမ်းကျင်အဆင့်အရ အမှတ်စဉ် ၁ အခု ဆင်းခါနီး သင်တန်းကို ကျော်တင်ပေးရမယ့် ရဲဘော် ရှိတယ်။ သူကတော့...''

သူ ရင်ခုန်စွာ နားစွင့်နေသည်။

ဆရာကြီးက အရပ်ဘက် ကြေးနန်းရုံးမှ ပြောင်းလာသူ၏ အမည်ကို ရွတ်ပြသည်။ ထိုရဲဘော်က မတ်တတ်ရပ်သည်။ သူ့နှလုံးသား ပျော်ကျသွားသည်။

သို့သော်... ဆရာကြီးက သူ့ဘက်ကို လှည့်ကြည့်သည်။

''နောက်တစ်ယောက် ရှိသေးတယ်၊ ရဲဘော်တင်ညွှန့်''

''ရှိ''

သူ ဂုဏ်ယူစွာ မတ်တတ်ရပ်လိုက်သည်။

မှန်ပါသည်။ 'တင်ညွှန့်' ဆိုတာ သူ့အမည်အသစ်ပါ။

## ( ၄ )

၁၉၄၉ ခုနှစ်

တပ်ရင်းရုံးခန်းရှေ့သို့ လော်ရီစစ်ကားကြီးတစ်စီး ဆိုက်လာသည်။

တပ်ရင်းရုံးထဲမှ အရာရှိတစ်ဦး ထွက်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

စစ်ကားကြီး ခေါင်းခန်းက တပ်ကြပ်ကြီးတစ်ဦး ခုန်ဆင်း၍ အရာရှိကို အလေးပြုသည်။

"ဘယ်တပ်ကလဲ ရဲဘော်"

"အချက်ပြဆက်သွယ်ရေးတပ်က၊ ဗိုလ်မှူး"

"ဘယ်သွားမလို့လဲ"

"အမိန့် လာယူတာပါ"

ဗိုလ်မှူး သိသိသာသာ မျက်နှာပျက်သွားသည်။

"ကဲ… ဒီမှာ ခဏစောင့်ကြဦး"

အထဲ ပြန်လှည့်ဝင်မည်ပြုပြီးမှ ပြန်လှည့်ကြည့်၍ မေးသည်။

"ရဲဘော်တို့ ထမင်းစားပြီးပြီလား"

"မစားရသေးဘူး၊ ဗိုလ်မှူး"

"ဒါဖြင့် သွား၊ အရာရှိရိပ်သာကို၊ အဲဒီမှာ ရှိတာတောင်း၊ ကိုယ်က လွှတ်လိုက်တယ်ပြော၊ မျှတစားကြ"

တပ်ကြပ်ကြီးက ကားပေါ် ပြန်တက်၍ ယာဉ်မောင်းရဲဘော်ကို အရာရှိရိပ်သာသို့ မောင်းခိုင်းသည်။

နောက်ခန်းတွင် ပါလာသော ရဲဘော်များထဲမှာ ဆက်သွယ်ရေး ဒုတပ်ကြပ်တင်ညွန့်လည်း ပါလာသည်။

အရာရှိရိပ်သာကျမှ ထမင်းစားရင်း စနည်းနာတော့ စောစောက ဗိုလ်မှူး မျက်နှာပျက်ရခြင်း အကြောင်းကို သိရသည်။

ရန်သူက မြို့ကို ဝိုင်းထားသတဲ့။ အင်အား ခြောက်ရာကျော်လောက် ရှိသတဲ့။ ရှေ့တန်းခံစစ်က ကျိုးနေပြီတဲ့။ အရာရှိ နှစ်ယောက်လည်း ကျဆုံး သွားပြီး တပ်မှူးပင် ပါသွားပြီတဲ့။

ရန်သူက ဖုန်းဆက်ပြီးတောင် လက်နက်ချခိုင်းနေပြီတဲ့။

အရာရှိတွေက အရေးကြီး စာရွက်စာတမ်းတွေ မီးရှို့ ဖျက်ဆီးနေကြ သတဲ့။ ဒါကြောင့် သူတို့ကို ရှေ့တန်းဆက်လိုက်ဖို့ မလွှတ်တော့တာကိုး။ ရှေ့တန်း ဆိုတာ မရှိတော့။ အများပြည်သူ နေသည့် မြို့ပင်လျှင် ရှေ့တန်း ဖြစ်နေပြီ။

ပြည်တွင်းစစ်မီးကြီး၏ အစ။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုံး စောစောက ဗိုလ်မှူး ခေါင်းဆောင်၍ ကားမောင်း ဖောက်ထွက်ပြေးဖို့ ဆုံးဖြတ်လိုက်ကြသည်။

ဒုတပ်ကြပ်တင်ညွန့်က အလာတုန်းက သူ နေရာယူသည့်အတိုင်း နောက်ဆုံး ဘေးခုံကို ဝင်ထိုင်လိုက်သည်။

ဘေးတွင် ထိုင်နေသော သူငယ်ချင်း ရဲဘော်က တုန်ယင်သော အသံနှင့် တိုးတိုးလှည့်ပြောသည်။

''တင်ညွန့်၊ မင်း ငါ့ကို နေရာလဲပေးမလား''

''ဘာလို့လဲဟ''

''တိုက်ပွဲဖြစ်ရင် ခုန်ချပြီး နေရာယူရမှာ။ ငါ ရှေ့ဆုံးက ခုန်ချချင်တယ်။ အရေးအကြောင်းကျမှ ငါ တစ်နေမှာစိုးလို့''

''မင်း သဘောပဲ''

တင်ညွန့် သူငယ်ချင်းကို နေရာလဲပေးလိုက်သည်။

တပ်ကြပ်ကြီးက သေနတ်အားလုံး ကျည်ထိုးဖို့ လိုက်လောဆော်သည်။ ယာဉ်မောင်းကိုလည်း လမ်းတွင် ဘယ်သူ တားတား ရပ်မပေးဖို့နှင့် အတင်းတားလျှင် ပစ်ဖို့ အမိန့်ပေးသည်။

အမှောင်ထုအတွင်းသို့ သူတို့ ကားကြီး တိတ်ဆိတ်စွာ လိုမ့်ဝင်သွားသည်။

ကြယ်ရောင် လင်းပျပျ ကောင်းကင်အောက်မှာ မှောင်မည်းမည်း ကားအရိပ်က အထီးကျန်ဆန်လှသော လမ်းပေါ်မှာ ဖြည်းဖြည်းချင်း လိမ့်နေသည်။

မြို့ပြင် ရောက်ခါစကတော့ အစစ ငြိမ်သက်နေသယောင်။

''ဟိုမှာ၊ လူတွေ လူတွေ၊ တားနေပြီ ဆရာကြီး''

''မရပ်နဲ့၊ မောင်း။ ဗိုလ်မှူး သေသေချာချာ မှာလိုက်တယ်။ ကိုယ့်တပ်က ကျန်တာ မဟုတ်တော့ဘူး၊ ရန်သူပဲ။ မောင်းသာ မောင်း''

ကားက တားနေသော လူအုပ်ကို အတင်းဖြတ်၍ မောင်းထွက်သည်။ ရပ်ပေးမည်ဟု မျှော်လင့်ထားဟန် ရှိသော လူအုပ်က ရုတ်တရက် အလန့်တကြား လမ်းဖယ်ပေးကြသည်။

ပြီးမှ လမ်းပေါ် ပြန်တက်လာကြသည်။

''ပစ်ပြီဟေ့၊ ဝပ် ဝပ် ဝပ်''

mgyoe.com

m gyoe.com SAMPLE BOOK

ကားထဲမှာတင် ရှေ့ကြမ်းပြင်ပေါ် ဒူးထောက်ချ၍ ရသလောက် ဝပ်ရသည်။

သေနတ်ကျည်ဆန် တချို့က ကားအမိုး သံတန်းကို ထိမှန်၍ ချွင်ခနဲ၊ ဒေါင်ခနဲ မြည်သည်။ တချို့က တင်ညွန့်တို့ နားနားက ကပ်၍ တရွှီရွှီ မြည်ဟည်း ဖြတ်ပြေးသွားသည်။

ကားက တရကြမ်း ဆက်မောင်းနေသဖြင့် ယာဉ်မောင်းရဲဘော်တော့ ထိခိုက်ဟန်မတူ။ တင်ညွန့်တို့ အဖွဲ့လည်း သေနတ်တွေ ထုတ်ချိန်ဟန်ပြင်ပြီးမှ ပြန်လွယ်လိုက်သည်။

"တော်သေးတာပေါ့၊ လူအုပ်က နည်းပေလို့"

သက်ပြင်းချ၍ တင်ညွန့် နေရာသို့ ပြန်ထိုင်ဟန်ပြင်သည်။

ဟာ...

စောစောက သူ နေရာလဲပေးခဲ့သော သူငယ်ချင်း ဆင်းမဝပ်ဘဲ ခုံပေါ်မှာ ဆက်ထိုင်နေတာကို တွေ့ရသည်။

"ဟေ့ကောင်၊ ဘာလို့ ထိုင်နေရတာလဲ"

သူ့ဘေးမှာ ပြန်ထိုင်ရင်း လှည့်မေးသည်။ ဘာမှ ပြန်မဖြေ။

"ဟေ့ကောင်"

ပခုံးကို လှမ်းကိုင်လိုက်တော့ ရှေ့သို့ ပျော့ကျလာသည်။

"ဟာ... ဟေ့ကောင်"

မျက်နှာချင်းဆိုင် ထိုင်နေသော ရဲဘော်ပါ ထလာပြီး ပျာပျာသလဲ ပြေးပွေ့သည်။

ပြေးပွေ့သူ၏ လက်တွင် သွေးများ ရွှဲပေသွားသည်။

သွားပြီ။

ဘယ်ဘက်ရင်အုံတည့်တည့် သေနတ်ဒဏ်ရာနှင့်။ အသက်မရှိတော့။

ဘုရား ဘုရား... ဒါ ငါ ထိုင်ခဲ့တဲ့ နေရာပါလား။ သူ လဲယူသွားခဲ့တာပါလား။

"စစ်ထဲ ဝင်ချင်ရတယ်လို့ကွာ။ မင်းက မရဏာဖွားကွ။ ငယ်တုန်းမှာ သေတတ်တယ်။ အေးအေး နေလို့ရတဲ့နေရာ နေပါကွာ"

ဘကြီးဘုန်းကြီး မှာလိုက်သည့် စကားသံ နားထဲ ကြားယောင်မိသည်။

mgyoe.com

mgyoe.com

ဒီတစ်ခါတော့ လွတ်သွားပြီ ဘုရား၊ နောက်တစ်ခါတော့ ဘယ်တော့လဲပဲ။

တွေးရင်း သက်ပြင်းသာ ချမိသည်။

( ၅ )

တပ်မတော်(ရေ)မှ စစ်သင်္ဘောအသေးကလေးသည် ကျဉ်းမြောင်းသော မြစ်ရိုးတစ်လျှောက် ဖြည်းညင်းစွာ ခုတ်မောင်းလာသည်။

မြစ်ကမ်းနှစ်ဖက်စလုံးတွင် သစ်ပင်များ ထူထပ်စွာ ပေါက်ရောက်နေ၍ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ။

မြစ်ဝကျွန်းပေါ် တစ်လျှောက်လုံးမှာ ကိုယ့်တပ် စိုးမိုးထားသည့်နေရာထက် ရန်သူ့တပ် စိုးမိုးထားသည့် နေရာက ပိုများကြောင်း အားလုံးသိထားသဖြင့် စစ်သင်္ဘောပေါ် ပါလာသူ အားလုံး ကျိုးလန့်စာစား ဖြစ်နေသည်။

နိုင်ငံတကာ သတင်းဌာနတွေမှာတောင် 'ရန်ကုန်အစိုးရ' ဟု သမုတ်ခံနေရချိန် မဟုတ်ပါလား။

"ဆာ့ချ်ဖိုင်းယား လုပ်ပေးရမလား ဗိုလ်ကြီး"

တပ်မတော်(ရေ)မှ ဗိုလ်ကြီးက ကြည်းတပ် ဗိုလ်ကြီးကို ရေလမ်းဘေး ဝဲ ယာကို စက်သေနတ်နှင့် ပစ်ခတ် ရှင်းလင်းပေးရမလားဟု လှမ်းမေးသည်။ ကြည်းတပ် ဗိုလ်ကြီးက ခေါင်းခါသည်။

"အရပ်သားတွေ ရှိနေနိုင်တယ်ဗျ။ ပြီးတော့ ခင်ဗျားတို့ စက်သေနတ်သံကြားမှ ရန်သူက သင်္ဘောတက်လာတာ သိပြီး ပြေးလာနိုင်တယ်"

ရေတပ် ဗိုလ်ကြီးက ခေါင်းညိတ်သည်။

သင်္ဘောဝမ်းထဲတွင်တော့ ပခုံးတွင် လွယ်ထားသော ဆက်သွယ်ရေးစက်၏ ကြိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း တပ်ကြပ်တင်ညွန့်အံကြိတ်ထားသည်။ သူ့ပတ်ပတ်လည်တွင် ထိုင်နေကြသော ရဲဘော်အားလုံးလည်း သင်္ဘောကုန်းပတ်ပေါ်က အသံတွေကို အာရုံကပ်၍ နားစွင့်ရင်း မျက်နှာအားလုံးတွင် စိုးရိမ်ပူပန်ဟန်တွေ ရှိနေကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တကယ်တမ်း ကျယ်လောင်စွာ ထွက်ပေါ်နေတာကတော့ သင်္ဘော အင်ဂျင် ခုတ်မောင်းသံသက်သက်ပါ။ အဲဒါကို ဆက်တိုက် မငြီးငွေ့စတမ်း နားထောင်လာရတာကိုက နေ့တစ်ဝက်စာလောက် ရှိနေပြီ မဟုတ်ပါလား။

"ဒက်ဒက်... ဒက်ဒက်... ဒက်ဒက်..."

"ဟာ... ဆော်ပကွ"

ကမ်းဘက်က လှမ်း၍ စက်သေနတ်နှင့် ပစ်သံတွေ ထွက်လာသည်။

"နေရာယူ"

ရဲဘော်တွေ ကိုယ်စီ သေနတ်ဆွဲ တက်သွားပြီး သင်္ဘောကုန်းပတ် ပေါ်မှာ တက်၍ မှောက်ပြီး ကမ်းဘက်ကို ပြန်ပစ်သည်။

တင်ညွှန့်ကတော့ သင်္ဘောဗိုက်ထဲတွင်ပင် နေ၍ ဆက်သွယ်ရေးစက် ကို ဖွင့်ပြီး နောက်တန်းသို့ ပြန်ခေါ်ဖို့ ကြိုးစားရသည်။

အပေါ်က စက်သေနတ်သံ မကြားရပါလား။

ကျည်အားအကောင်းဆုံး စက်သေနတ်နှင့် စက်သေနတ်ကိုင် ရေတပ် တပ်ကြပ် သင်္ဘောအမြင့်ပိုင်းမှာ နေရာယူထားသည်။ သူ့ဆီက ပစ်အားကို လူတိုင်း မျှော်လင့်နေသည့်အချိန်မှာ သူက တိတ်ဆိတ်နေခဲ့သည်။

"တက်ကြည့်စမ်း တစ်ယောက်"

ကြည်းတပ် ဗိုလ်ကြီး၏ အမိန့်ပေးသံ။

ပြီးတော့ သံလှေကားများအတိုင်း ပြေးတက်သွားသံတို့ကို သေနတ်သံ တွေကြားထဲမှာ ကြားရသည်။

ခဏနေတော့ အပေါ်က ထပ်ခေါ်သံ ကြားရသည်။ နောက်ထပ် ခြေသံတစ်ခု ပြေးတက်သွားသည်။ ပြီးတော့ လေးလံနှေးကွေးသော ခြေလှမ်း များ၏အသံ ဆင်းလာသည်။

တင်ညွှန့် ရိုက်လက်စ စက်ကို ခဏထား၍ ထွက်ကြည့်သည်။ ဗိုက် တစ်ခုလုံး သွေးတွေ ရွှဲနေသည့် စက်သေနတ်ကိုင် တပ်ကြပ်ကို ကြည်းတပ် ရဲဘော်နှစ်ဦးက ထမ်းချလာကြသည်။

အဲဒီအချိန်မှာ စက်က မြည်သံ ကြား၍ ပြန်ပြေးဝင်လာပြီး စာလုံး ဖော်ရသည်။

"မင်းတို့ ဘယ်နားမှာလဲ" တဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

တင်ညွှန့် ချက်ချင်း ပြန်ရိုက်လိုက်သည်။

''ပန်းတနော်''

## ( ၆ )

ဗိုလ်ကြီးထွန်းမြင့် ဆက်သွယ်ရေးစက်ခန်းအတွင်းမှ ထွက်၍ ပျဉ်ခင်းထားပြီး ဝရန်တာလက်တန်း တပ်ထားသော ဖိနပ်ချွတ် လှျောက်လှမ်းရှည်ဘက်သို့ ထွက်ခဲ့သည်။

စီးကရက်ဖွာချင်တာလည်း ပါသည်။ စိတ်ရှုပ်တာလည်း ပါသည်။ အဲဒီအခါက ယောက်ျားကြီးတွေ အားလုံးနီးနီး စီးကရက် ခဲတတ်ကြသည်မို့ သူ စီးကရက်သောက်တတ်တာ မဆန်း။ စီးကရက်၏ ဆိုးကျိုးတွေကို အနည်းအကျဉ်း ကြားဖူးသော်လည်း သိပ်ကျယ်ကျယ်ပြန့်ပြန့် ပညာပေးနေတာမျိုး မရှိ။ နိုင်ငံခြား ရုပ်ရှင်တွေ ကြည့်လျှင်တော့ မင်းသားတွေရော၊ မင်းသမီးတွေရော စီးကရက်ကို ဟန်ပါပါ ခဲပြတတ်ကြသည်။ ဒါလည်း စီးကရက်ကုမ္ပဏီကြီးတွေ၏ ပယောဂမကင်းဟု ဆိုကြသည်။ ဟုတ်၊ မဟုတ်တော့ တကယ်တမ်း ဘယ်သူမှ မသိကြ။

ဗိုလ်ကြီးထွန်းမြင့် ယခု စီးကရက် သောက်ချင်လာသည်ကတော့ ဂိုက်ပေးချင်လို့လည်း မဟုတ်။ စွဲနေ၍လည်း မဟုတ်။ စိတ်ရှုပ်၊ စိတ်လှုပ်ရှားလွန်း၍ ဖြစ်သည်။

စီးကရက်ကို မီးညှိသည်။ ဂက်စ်မီးခြစ် အကောင်းစားကလေးနှင့် ညှိတာ ဖြစ်သော်လည်း မိုးရေစက်တွေထဲမှာ ဖြတ်၍ ဝှေ့ကာဝိုက်ကာ တိုက်လာသော လေကြောင့် သုံး လေးခါ ပြန်ညှိရသည်။

မီးစွဲသွားသော စီးကရက်ကို နှစ်ချက်၊ သုံးချက် ဆက်တိုက် ဖွာ၍ မီးခိုးငွေ့တွေကို မှုတ်ထုတ်လိုက်သည်။ စီးကရက်ကလေးက သူ့လက်ညှိုးနှင့် လက်ခလယ်ကြားမှာ တဆတ်ဆတ် တုန်၍ ကျန်ခဲ့သည်။

တပ်ခွဲတစ်ခွဲလုံး အစအနတောင် သတင်းပြန်မရလိုက်အောင် ချေမှုန်းခံလိုက်ရသည့် ကိစ္စကို သူ့ခေါင်းထဲက ထုတ်လို့ မရ။

mgyoe.com

mgyoe.com SAMPLE BOOK

သူ အရာရှိ ဖြစ်ခါစက အဲဒီလို ဖြစ်ရပ်မျိုး ရှိခဲ့သည်ဟု ဆိုလာလျှင် ဝေးလံခေါင်ဖျား စစ်မြေပြင် တစ်နေရာရာမှာသာ ဖြစ်နိုင်ပေလိမ့်မည်။ ယခုလို မြစ်ဝကျွန်းပေါ်က မြို့ကြီးတစ်မြို့မှာ ဖြစ်သွားနိုင်သည် ဆိုတာမျိုးကို တွေးပင် မတွေးမိ။

ခေတ်ကာလကိုက ဘေးကျပ်နံကျပ်။

ဗိုလ်မှူးတင်မောင်တို့ ပဲခူးတိုင်းဘက်မှာ ဆိုလျှင် တပ်ခွဲတစ်ခွဲ မပြော နှင့် မြို့ကြီးတစ်မြို့လုံးတောင် အရပ်သားတွေ၊ ကလေးတွေပါ မကျန် ကြေမွ သွားခဲ့တာ ကြုံနေရပြီ။

နိုင်ငံခြား သတင်းဌာနတွေကလည်း ရန်ကုန်အစိုးရ… တဲ့။

ဗိုလ်ကြီးထွန်းမြင့် ခေါင်းကို စိတ်ပျက်လက်ပျက် ခါမိသည်။

တင်ညွန့်…

အဲဒီကောင်လေး ပါသွားသည်။

သူလည်း မြစ်ဝကျွန်းပေါ်ဘက်က ရွာသားကလေးတစ်ယောက်။ ပညာအခြေခံ နည်းပေမယ့် သိပ်ကြိုးစားသည်။ အင်္ဂလိပ်လို ရေးတတ်၊ ဖတ် တတ်သည်။ လူကြီး အရိပ်အကဲ သိသည်။ မသိတာရှိလျှင် နေ့မအိပ်၊ ညမအိပ် လေ့လာတတ်သည်။ သေသေချာချာ လေ့ကျင့်ပေးလျှင် ဆက်သွယ်ရေးတပ်မှာ အရာရှိအဆင့်အထိ ဖြစ်လာလျှင်တောင် လုပ်နိုင်မည့် ကလေးမျိုး။

ယခုတော့ ကျသွားသည့် တပ်ခွဲထဲ ပါသွားသည်။ ဘာသတင်းမှ မရ။ တပ်မတော်မှ ကျဆုံးစာရင်း ကြေညာ၍ ပြန်တမ်းပင် ထုတ်ပေးလိုက်ရပြီ။ အလောင်းတောင် ပြန်မရ။

တင်ညွန့်ချည်းပဲလား။

ကိုယ်ကိုယ်တိုင်ကော ဘယ်မြစ်ကမ်းနဖူးမှာ အမြုပ်ခံရမည် မသေချာ သေး။ အင်းစိန်ဘက်မှာတော့ တော်တော်ပြန်တိုက်နိုင်နေပြီဟု သိရသည်။ အင်းစိန် ကျလျှင် ရန်ကုန် ကျပြီ။

သောက်လက်စ စီးကရက်ကို ဝရန်တာ လက်ရန်းပေါ် တင်ထားသော ပြာခွက်မှာ ထိုးခြေ၍ မီးငြိမ်းပြီး စိတ်ပျက်လက်ပျက် အခန်းထဲ ပြန်ဝင်ခဲ့သည်။ အခန်းထဲမှာ ဆက်သွယ်ရေး ရဲဘော်တချို့ လှုပ်လှုပ်ရှားရှား ဖြစ်နေတာ တွေ့ရသည်။

mgyoe.com

mgyoe.com

"ဘာလဲဟေ့ ရဲဘော်"

"အက်စ်အိုအက်စ် ဝင်နေတယ် ဗိုလ်ကြီး"

အက်စ်အိုအက်စ် ဆိုတာ အရေးပေါ် အကူအညီတောင်း ကြေးနန်းဖြစ်သည်။ ဗိုလ်ကြီးထွန်းမြင့် နှလုံးခုန်သံ မြန်လာသည်။

"ဘယ်ကလဲ"

"ပန်းတနော်က"

ဗိုလ်ကြီးထွန်းမြင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ တင်ညွန့်တို့ တပ်ခွဲ တစ်ခွဲလုံး ကျဆုံးသွားသည့်နေရာကပါလား။

"ဘယ်သူတွေလဲကွ"

"တင်ညွန့်… တဲ့ ဗိုလ်ကြီး"

ဗိုလ်ကြီးထွန်းမြင့် ကမန်းကတန်း ခုံတစ်လုံး ဆွဲပြီး စက်ရှေ့မှာ ဝင်ထိုင်သည်။

"တင်ညွန့်၊ ဒီကောင် မသေဘူး၊ ဟုတ်လား"

ဟု အူယားဖားယား မေးမိသည်။

"ဟုတ်တယ်၊ ဗိုလ်ကြီး၊ ဒီကောင် အဆက်မပြတ် ရိုက်နေတာ ရက်နဲ့တောင် ချီနေပြီတဲ့။ ကျွန်တော်တို့ဆီ ခုမှ ဝင်လာတာ။ တပ်ခွဲမှာလည်း မသေသေးတဲ့ လူတွေ အများကြီး ကျန်သေးတယ်တဲ့"

ဗိုလ်ကြီးထွန်းမြင့် အံတင်းတင်းကြိတ်သည်။

"ရဲဘော်တွေ အခြေအနေ မေးစမ်းကွာ"

ဆက်သွယ်ရေးရဲဘော်ကလေး စက်ခလုတ်ပေါ် ဆက်တိုက် လက်ကို ကစားနေသည်။ တစ်ဖက်ကလည်း တတီတီ အသံများ ဆူညံစွာ ထွက်ပေါ်နေသည်။

"တချို့ ဖျားနေတယ်၊ ဒဏ်ရာရတဲ့ လူတွေလည်း ရှိတယ်၊ စားစရာတော့ မရှိတာ ကြာပြီတဲ့"

"မ.ပ.ည မေးစမ်း"

"ဟုတ်ကဲ့"

တပ်ခွဲ လက်ကျန်ရဲဘော်များ၏ တည်နေရာကို သိရသည်နှင့် ဗိုလ်ကြီးထွန်းမြင့် အခန်းထဲမှ တစ်ဟုန်ထိုး ပြေးထွက်ခဲ့ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## (၇)

တင်ညွှန့်မှာ ဒဏ်ရာရထားခြင်း မရှိ။

အာဟာရ ပြတ်နေတာရယ်၊ ရက်ပေါင်းများစွာ နေ့ မအိပ်၊ ည မအိပ် ကြေးနန်းထိုင်ရိုက်ထားသဖြင့် အားပြတ်နေတာရယ်ပဲ ရှိသည်။

စစ်ကူအဖွဲ့များက သူတို့တပ်ခွဲကို ကယ်ထုတ်လာနိုင်ခဲ့ပြီးနောက်ပိုင်းတွင် ဆေးရုံတွင် ခဏ အနားယူပြီးသည်နှင့် သူ့ကျန်းမာရေးအခြေအနေက သိသိသာသာ ကောင်းမွန်လာသည်။

''မင်း ရွာပြန်ချင် တစ်ခေါက် ပြန်ပါလား''

ဗိုလ်ကြီးထွန်းမြင့်က ခွင့်ပေးသည်။ တင်ညွှန့် ခေါင်းခါသည်။

''ကိုယ့်ကိုယ်ကိုယ် တစ်ကောင်ကြွက်လို့ပဲ သဘောထားနေတာ ကြာပါပြီ ဗိုလ်ကြီးရယ်၊ ကျွန်တော် အလုပ်ပဲ ပြန်စချင်တယ်''

ဗိုလ်ကြီးထွန်းမြင့် သက်ပြင်းချသည်။

တင်ညွှန့် အလုပ်ပြန်စဖို့ ကိစ္စက ထင်သလောက် မလွယ်။ မြန်မာ့တပ်မတော်သည် ဗြိတိသျှတပ်မတော်၏ စည်းမျဉ်းစည်းကမ်း ဖွဲ့စည်းပုံများအတိုင်း ဖွဲ့စည်းဆောင်ရွက်နေခြင်း ဖြစ်သည်။

ဗြိတိသျှတပ်မတော်က သူတို့ကိုယ်သူတို့ ကမ္ဘာပေါ်တွင် အုပ်ချုပ်မှုစည်းစနစ်အကျဆုံး တပ်မတော်အနေနှင့် ဂုဏ်ယူလေ့ရှိသော အချိန်ပါ။ မြန်မာ့စစ်မျက်နှာမှာ ဂျပန်တပ်ကြီးတစ်ခုကို အင်ဖာကုန်းပြင်မြင့်သို့ ဖြားယောင်းခေါ်နိုင်ပြီး ချေမှုန်းပစ်လိုက်နိုင်တာ သူတို့ အုပ်ချုပ်မှုစွမ်းရည်ကောင်း၍ဟု ပြော၍ပင် မဝနိုင်သေး။

တစ်ဖက်ကလည်း စည်းစနစ်ကျမှုနှင့်အတူ ပါလာသည့် ကြိုးနီစနစ်တို့က အထပ်ထပ်။ ကြိုးနီစနစ်ကို တီထွင်တာ ဗြိတိသျှအုပ်ချုပ်ရေးယန္တရားဖြစ်သည်ဟု ရယ်သွမ်းသွေးကြသူတွေပင် ရှိသည်။

အုပ်ချုပ်ရေး သဘောတရားအရ ကျဆုံးပြီးသော ရဲဘော်တစ်ဦးကို အသက်ပြန်သွင်း၍ မရ။ တင်ညွှန့်က ကျဆုံးပြီးရဲဘော် ဖြစ်သည်။ သူ့ကို ဆက်လက် တာဝန်ထမ်းဆောင်စေချင်တော့ ရဲဘော်သစ်အဖြစ် ပြန်၍ စာရင်းသွင်းရသည်။

mgyoe.com
SAMPLE BOOK


ဒီတော့ ပြည်တွင်းစစ်မှာ ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ခဲ့သည့် ဆက်သွယ်ရေး တပ်ကြပ်တင်ညွန့်ခများမှာ သူများလို ရာထူးမတက်သည့်အပြင် တပ်သားသစ် ဖြစ်သွား၍ လက်မောင်းမှ အရစ်နှစ်ရစ်ပါ ပြန်ပြုတ်သွားသည်။

နာမည်ကတော့ လူသိများနေပြီ ဖြစ်၍ တင်ညွန့်ဘဝမှ ပြောင်း၍ မရတော့။ မိဘပေးသည့် နာမည် ကျော်မြင့်ကို အပြီးအပိုင် စွန့်လွှတ်လိုက်ရပြီ။ ရဲဘော်တင်ညွန့်ပေါ့။

အားလပ်ချိန်များတွင် ရဲဘော်ရဲဘက်တွေကို တယောထိုးထိုးပြလေ့ ရှိသဖြင့် ‘တယောတင်ညွန့်’ဟုလည်း ခေါ်တတ်ကြသေးသည်။

များမကြာမီကာလအတွင်းမှာ ရဲဘော်တင်ညွန့်တစ်ယောက် တပ်ကြပ်ကြီးတင်ညွန့် ဖြစ်လာသည်။

သူ့ထက် အသက်အနည်းငယ်သာ ကြီးသော်လည်း ရာထူးက မိုးနှင့်မြေပြင်လောက် ကွာခြားသော ဆရာတစ်ဦးနှင့်လည်း ဆုံစည်းရသည်။ နောင်တစ်ချိန်တွင် မြန်မာ့တပ်မတော်သမိုင်းတွင်ရော၊ မြန်မာ့နိုင်ငံရေးသမိုင်းတွင်ရော၊ မြန်မာ့စာပေသမိုင်းတွင်ပါ ကမ္ပည်းထိုးရမည့် ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လာမည့် သူပါ။

ဗိုလ်မှူးကြီးစောမြင့်… တဲ့။

( ၈ )

၁၉၅၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်
တပ်မဟာ (၂) ဝါပ်မဟာရုံး၊ တောင်ငူမြို့။

‘တပ်မင်းကြီးကလည်း ငယ်ငယ်ကလေးပါလား’ဟု တင်ညွန့် အံ့ဩစွာ တွေးမိနေသည်။

သူ့တပ်မှူး ဗိုလ်ကြီးတင်ဦးနှင့် စကားပြောနေသော တပ်မင်းကြီး ဆိုသူသည် သူ့ထက် အသက်ကြီးလှ ၆ နှစ်၊ ၇ နှစ်သာ ရှိမည်။ အသက် ၃၀ ဝန်းကျင်သာ ရှိဦးမည်။ ဒီမျှ ကြီးလေးသည့် တာဝန်ကြီး ဘယ်လိုလုပ် ထမ်းဆောင်နေနိုင်ပါသနည်း။

mgyoe.com

mgyoe.com SAMPLE BOOK

ပညာတွေ အများကြီး သင်ထားရလို့ ဖြစ်မှာပဲ… ဟု ပညာကောင်းကောင်းမသင်လိုက်ရသော သူ့ဘဝကိုသူ ပြန်တွေး၍ အားငယ်မိသေး၏။

"ဘာလဲဟေ့ ညီလေး"

မျက်နှာ ပြည့်တင်း၍ ချိုသာသော တပ်မင်းကြီးက သူ့ကို လှမ်းမေးသဖြင့် ကမန်းကတန်း အလေးပြု၍ လက်ထဲက ကြေးနန်းကို ဗိုလ်ကြီးတင်ဦး လက်သို့ လှမ်းပေးသည်။

"တပ်ကြပ်ကြီးတင်ညွန့်တဲ့။ ကျွန်တော်တို့ ဆစ်ဂနယ်မှာတော့ အမာခံပဲ။ စစ်ဆင်ရေး အရေးကြီးရင် ဘယ်တော့မှ ညအိပ်တဲ့ကောင်မျိုး မဟုတ်ဘူး"

ဗိုလ်ကြီးတင်ဦးက စာကို လှမ်းယူရင်း တပ်မင်းကြီးနှင့် မိတ်ဆက်ပေးသည်။ တပ်မင်းကြီးက တင်ညွန့်ထက် ကြေးနန်းကို ပိုစိတ်ဝင်စားနေခဲ့သည်။

နှစ်ယောက်သား ကြေးနန်းကို ခေါင်းချင်းဆိုင် ဖတ်ရင်း စိတ်ပျက်လက်ပျက် ခေါင်းခါသည်။

"ဘာမှ ထိတွေ့မှု မရှိသေးဘူး၊ အေး အေး… တင်ညွန့်ရေ၊ ဘာရရ လာပြော၊ ချက်ချင်း ပြော၊ သိလား"

"ဟုတ်ကဲ့ပါ တပ်မှူး"

တင်ညွန့် အလေးပြု၍ ပြန်လည် ထွက်ခွာလာခဲ့သည်။

တစ်ခုခု တော်တော်အရေးကြီးတာတော့ ဖြစ်ပျက်နေလေပြီ။

စက်ခန်းထဲ ပြန်ရောက်တော့ အချင်းချင်း တိုးတိုးမေးကြည့်သည်။

"ဘာတွေ ဖြစ်နေတာလဲကွ၊ တပ်မင်းရော၊ တို့တပ်မှူးရော တအား စိတ်ပူနေတဲ့ပုံပဲ"

သူ့ဘေးက တပ်ကြပ်က ပခုံးတွန့်ပြသည်။

"ထိပ်တန်းလျှို့ဝှက်ကွ၊ တို့က ဝင်လာတာတွေပဲ သိရတာ၊ တို့တပ်တွေ မနေ့က မြတ်စောညီနောင် ကူးတို့က စထွက်တာရယ်၊ ပြုံးချောင်းကျော်သွားတာရယ် မင်းလည်း သိသားပဲ၊ သံတောင်လမ်းဘက်ကိုလည်း တို့တပ်တွေ တက်နေတယ်၊ ရောမ စစ်ဆင်ရေးကြီးတစ်ခု စနေတယ် ထင်တာပဲ"

တင်ညွန့် ခေါင်းတဆတ်ဆတ် ညိတ်သည်။

"တပ်မင်းကလည်း ငယ်ငယ်ကလေးနော်"

mgyoe.com
SAMPLE BOOK


"ဗိုလ်မှူးကြီးစောမြင့်ကို ပြောတာလား"

"အေး"

"တို့တပ်မှူး ဗိုလ်ကြီးတင်ဦးနဲ့ စစ်ကိုင်းတုန်းက ကျောင်းနေဖက် သူငယ်ချင်းတဲ့။ သုံးဆယ်လောက်ပဲ ရှိမှာပေါ့။ ဘီအိုင်အေ၊ ဘီဒီအေကတည်းက ဝင်ခဲ့တာတဲ့။ ဂျပန်မှာ ဗိုလ်သင်တန်း တက်ခဲ့တာ ဆိုပဲ"

"ဒီလိုကိုး"

ဒီမျှ ငယ်ငယ်ရွယ်ရွယ်နှင့် စွမ်းဆောင်နိုင်ရည် မြင့်မားလှသည့် ခေါင်းဆောင်တစ်ဦး လက်အောက်တွင် တာဝန်ထမ်းဆောင်ရမှတော့ ပေးအပ်သော တာဝန်တို့ကို ဦးလည်မသုန် ကြိုးကြိုးစားစား ထမ်းဆောင်တော့မည်ဟု တင်ညွန့် ဆုံးဖြတ်လိုက်သည်။

ဩဂုတ်လ ၂၃ ရက်

ဘာထူးခြားကြေးနန်းမှ မဝင်။

ဗိုလ်မှူးကြီးစောမြင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်ကို အဝေးမှ မြင်နေရသည်။

ဩဂုတ်လ ၂၄ ရက်

ဘာသတင်းမှ မရသေး။ .

တောင်ငူ-သံတောင်လမ်း၊ မိုင်တိုင်အမှတ် ၄ နှင့် ၅ ကြား ရန်သူ့ ဘန်ကာများ၊ ဒိုးသောင်စစ်မျက်နှာ၊ ထန်းတပင်စစ်မျက်နှာ၊ ရေတာရှည် စစ်မျက်နှာတို့သို့ စတင်တိုက်ခိုက်ဖို့ အသင့်ပြင်ရန် တပ်မင်းက ညွှန်ကြားသည်။

ဩဂုတ်လ ၂၅ ရက်

ပသိချောင်း၊ ကျွဲရိုင်းပြင်စခန်းမှာ ရန်သူက အားဖြည့်နေပြီဟု သတင်း ဝင်လာသည်။ မြတ်စောညီနောင်နှင့် ပြုံးချောင်းကူးတို့နားလည်း ရောက်လာသတဲ့။

ဘာတွေလဲ။

တို့က ဝင်တိုက်နေတာလား၊ သူတို့က လာတိုက်မလို့လား။

mgyoe.com

 SAMPLE BOOK 

အရေးကြီး စစ်ဆင်ရေးတစ်ခုအတွင်း စက်ခန်းထဲက ပြန့်ခွင့်မရှိသည့် အော်ပရေတာ တစ်ယောက်အနေနှင့် အရေးကြီးသတင်းများကို ဖော်ထုတ်ရင်း သိနိုင်ခွင့် တင်ညွှန့်မှာ ရှိပါသည်။ သို့သော် ဆက်စပ်သိရှိနိုင်လောက်အောင် တော့ အခြေအနေကို သိခွင့်မရပါ။

မနက် ၁၀ နာရီတွင် ဝင်လာသော သတင်းကိုတော့ အရေးအကြီးဆုံး သတင်း ဆိုတာ တင်ညွှန့် ဖတ်ဖတ်ချင်း သဘောပေါက်လိုက်ပါသည်။

'စစ်ကြောင်း၏ ရှေ့ဆုံးကော်လံသည် အရဏ်တက် ၀၅း၄၅ တွင် ပလက်ဝတံတား၊ ရန်သူ့ခံကတုတ်ကို အလစ်ဝင်တိုက်၊ ရန်သူ ၅ ဦးကျ၊ စက်သေနတ်ကြီး မော်တာ အပါအဝင် ခဲယမ်းများ သိမ်းဆည်းရမိ၊ မိမိဘက်မှ တစ်ဦး ထိမှန်၊ မစိုးရိမ်ရ' တဲ့။

ဗိုလ်ကြီးတင်ဦးကို တင်ညွှန့် အပြေးအလွှား သွားသတင်းပို့သည်။ ဗိုလ်ကြီးတင်ဦးကလည်း တပ်မင်းကို အပြေးသတင်းပို့သည်။

ပြန်လာသည်နှင့် ဗိုလ်ကြီးတင်ဦးက ပြုံးပြုံးကြီး ပြောသည်။

''တင်ညွှန့်၊ မင်း လိုတာထည့်၊ တပ်မင်းနဲ့ လိုက်သွားစမ်း''

ဘယ်ကိုလဲ၊ မေးခွင့်မရှိ။ ဘယ်လောက်ကြာမှာလဲ၊ မေးခွင့်မရှိ။

လိုက်သွားပြီးတော့မှ တပ်မင်းသည် တောင်ငူ၊ သံတောင်လမ်း၊ မိုင်တိုင် ၄ အနီးရှိ သေနတ်ကိုင်တပ်ရင်း ၃ တပ်ခွဲမှူး ဗိုလ်ကြီးကိုကိုကြီး ဦးစီးသည့် စစ်ကြောင်းအား အနီးကပ် ကွပ်ကဲရန် သွားခြင်းဖြစ်ကြောင်း ရိပ်မိ တော့သည်။

နောက်တစ်နေ့ အရဏ်ဦးမှ စ၍ ကားလမ်းတစ်လျှောက် တိုက်ပွဲများ က ဆက်တိုက်။

## ဩဂုတ်လ ၂၆ ရက်နေ့

တပ်မဟာ ၂ မှ တစ်ပြိုင်နက် ပြင်ဆင်ထားသည့် စစ်မျက်နှာများစွာ တွင် မိမိစစ်ကြောင်းများက တရကြမ်း ထိုးဖောက်ကြသည်။ အောင်မြင်မှု သတင်းများ တပ်မင်းကို သတင်းပို့ရန် သူ့စက်သို့ တရစပ် ဝင်နေကြသော် လည်း စစ်ဆင်ရေး၏ အဓိကဦးတည်ချက်ကို တင်ညွှန့် မသိသေး။

ထူးခြားတာကတော့ ဒုတိယကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် ရောက် လာသည်။ တပ်မင်းနှင့် ဒုတိယ ကာကွယ်ရေးဦးစီးချုပ်တို့ တိုက်ပွဲအခြေအနေ

mgzoe.com

mgyoe.com SAMPLE BOOK

လေယာဉ်နှင့် ဝဲပုံကြည့်ကြသည်။ ဆက်သွယ်ရေးရဲဘော်အဖြစ် တင်ညွှန့်လည်း ပါသွားသည်။

တောင်ငူ-သံတောင်သစ်-မော်ချီး ကားလမ်း၊ မိုင်တိုင် ၂၁ မိုင်ရှိ ပလက်ဝတံတားသို့ အရောက်တွင် ရန်သူ့စခန်းကို သိမ်းပိုက်ထားသည့် မိမိတပ်များက လက်ဝှေ့ယမ်းပြကြသည်။

SUCCESS

OBJECTIVE ACHIEVED

NEED FOOD

အင်္ဂလိပ်စာလုံးများကို ပလက်ဝချောင်းအလယ် ကျောက်ဆောင်များပေါ်တွင် ပိတ်ဖြူဖြင့် ခင်းပြထားသည်။

'အောင်ပြီ'တဲ့၊ 'ရိက္ခာလိုသည်'တဲ့။

ဘာတွေပါလိမ့်။

တပ်မင်းကတော့ ဝမ်းသာအားရဟန်ဖြင့် လေယာဉ်မှူးကို လှမ်းပြောသည်။

"ကိုလေး… သူငယ်ချင်း၊ ဒိုင်ဗင် ခပ်နိမ့်နိမ့်ကလေး ပျံပေးပါလား၊ လွတ်လာတဲ့ လူတွေ ရိက္ခာကောင်းကောင်းလေး ရစေချင်တယ်"

ဒုတိယကာကွယ်ရေးဦးစီးချုပ်ကလည်း "ဟုတ်တယ်" ဟု ပြောသည်။ လေယာဉ်နိမ့်ဆင်းသွားသည်။ ရိက္ခာချသည်။

တပ်မဟာဌာနချုပ် ပြန်ရောက်၍ စက်ခန်းထဲ ပြန်ဝင်ပြီးသောအခါတွင်ကျမှ တင်ညွှန့်တစ်ယောက် သူ သိချင်သော အဖြေများကို သိရတော့သည်။

'လွတ်လာတဲ့လူတွေ' ဆိုတာ ရန်သူ ဖမ်းဆီးထားသော တိုင်းမှူး ဗိုလ်မှူးကြီးမောင်မောင်နှင့် အရာရှိ စုစုပေါင်း ခုနစ်ဦးပါလား။

ဗိုလ်မှူးကြီးမောင်မောင် မိတ္ထီလာတွင် အဖမ်းဆီးခံလိုက်ရစဉ်က သူ ကြားခဲ့ဖူးသည်။ ယခု စစ်ဆင်ရေးကြီးက ဗိုလ်မှူးကြီးမောင်မောင် အပါအဝင် ကိုယ့်တပ်မတော်သား အရာရှိနှင့် အရပ်သား ၁၅ ယောက်လောက်ကို ကယ်တင်ဖို့ ဆင်ခဲ့သည့် 'အလင်းရောင်' စစ်ဆင်ရေးတဲ့။

အဲဒီရှေ့မှာလည်း တပ်မင်း၊ တပ်ရင်း (၅) တပ်ရင်းမှူးဘဝက 'ယုဇန' စစ်ဆင်ရေး ဆိုတာ ဆင်ခဲ့ဖူးသည်။ ကိုယ့်လူတွေကို ကယ်ထုတ်နိုင်ခဲ့သော်

mgyoe.com

mgyoe.com SAMPLE BOOK

လည်း ကယ်သည့် ရဲဘော်တွေ ကျဆုံးကုန်ပြီးနောက်ပိုင်း ကယ်လာသည့်သူတွေ ရန်သူ ပြန်ဖမ်းမိသွားခဲ့သည်။ ဒုတိယတစ်ကြိမ်ကျမှ အောင်မြင်တော့သည်။

များမကြာမီ တပ်မင်း ယူကေနိုင်ငံသို့ ပညာတော်သင် သွားရောက်ရန် ဖြစ်လာသည်။

သွားခါနီးတွင် ဗိုလ်မှူးကြီးစောမြင့်က တင်ညွန့်ကို ခေါ်ခိုင်းသည်။

"တင်ညွန့်"

"ဟုတ်ကဲ့၊ ဗိုလ်မှူးကြီး"

"မင်းက ကြိုးလည်း ကြိုးစားတယ်၊ အလုပ်ကိုလည်း အရာရှိတစ်ယောက်လို သပ်သပ်ရပ်ရပ် လုပ်တတ်တယ်၊ မင်း အရာရှိ ဖြစ်သင့်တယ်လို့ ငါ ထင်တယ်၊ ဘာကြောင့် မင်း ဗိုလ်ရွေးစာမေးပွဲ မဖြေသလဲ"

"ကျွန်တော် ၈ တန်းပဲ အောင်လို့ပါ ဗိုလ်မှူးကြီး"

ဗိုလ်မှူးကြီးစောမြင့် မျက်မှောင်ကုတ်သည်။

"မင်း အင်္ဂလိပ်စာ ဘယ်လိုလုပ်တတ်သလဲ"

"ကျွန်တော် ဘကြီးဘုန်းကြီးဆီက သင်ထားတာပါ ဗိုလ်မှူးကြီး"

ဗိုလ်မှူးကြီးစောမြင့်က ပြုံးသည်။

"ရည်မှန်းချက် ရှိရင် နည်းလမ်း ရှိတယ်တဲ့၊ အင်္ဂလိပ်စကားပုံ ရှိတယ်၊ မင်းလို အခြားအဆင့်ကနေ ထူးချွန်တဲ့သူတွေအတွက် ဗိုလ်ရွေးအဖွဲ့က စဉ်းစားပေးနေတာ ရှိတယ်၊ မင်း ရန်ကုန်ကို သွား၊ ဗိုလ်မှူးစန်းယု ဆိုတာနဲ့ သွားတွေ့၊ ငါ ရေးထားတဲ့စာ ယူသွား၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

တင်ညွန့် ရင်ခုန်စွာ ဆက်ရပ်နေသည်။

"ဘာမေးမလို့လဲ တင်ညွန့်"

"ဟို… ဗိုလ်မှူးကြီး ရေးပေးမယ် ဆိုတဲ့ စာပါ ခင်ဗျ"

ဗိုလ်မှူးကြီးစောမြင့်က ရယ်သည်။

"ခက်တဲ့ကောင်ပဲ၊ ငါ ဒီလောက် အလုပ်များနေတာ သိရက်သားနဲ့၊ သွား… မင်းဟာမင်း ချောအောင် ရေးခဲ့၊ ပြီးတော့ ငါ့ လာပြ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ တပ်မင်း"

mgyoe.com

တင်ညွှန့် အလေးပြု၍ လျင်မြန်စွာ ထွက်လာခဲ့သည်။
ခြေလှမ်းတို့ မြေကြီးနှင့် ထိသည်ဟု မထင်မိ။

## ( ၄ )

"ကိုတင်ညွှန့်၊ စာမကျက်ဘဲ မဂ္ဂဇင်း ဖတ်မလို့လား"

မဂ္ဂဇင်းစာအုပ်ကလေး ချိုင်းကြားညှပ်၍ စစ်ကြောရေးမှ စီစဉ်ပေးသော ဘားတိုက်အတွင်း ဝင်လာသည့် တပ်ကြပ်ကြီးတင်ညွှန့်ကို စာမေးပွဲဖြေဖော် တစ်ဦးက လှမ်းနှုတ်ဆက်သည်။

စာမေးပွဲ ဖြေမည့် အကြပ်ကြီး အများစုကတော့ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းများ ပါသည့် သတင်းစာ အထပ်ကြီး မွှေနှောက်နေကြသည်။

တင်ညွှန့်က ပခုံး တွန့်ပြသည်။

"ကြားဖူး၊ သိဖူးနေတာတွေနဲ့ပဲ ဖြေတော့မယ်ဗျာ၊ ဘာမေးမယ်မှန်းမှ မသိတာ၊ ဘာသွားကျက်ရမလဲလည်း မသိတော့ဘူး၊ ဆရာဝန်လုပ်ဖို့ ဆေးစာတွေ ကျက်နေရင်းက လူတောင် ဒီဗိုလ်ရွေးအဖွဲ့ ခေါင်းဆောင်အရာရှိ လာဖြစ်သေးတာ၊ ကံတရားပဲ"

ဗိုလ်ရွေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးစန်းယုမှာ ဒုတိယနှစ် ဆေးကျောင်းသားဘဝမှ ကျောင်းထွက်၍ တော်လှန်ရေးထဲ ဝင်ခဲ့သူဟု ကြားဖူးထားသည့်အတိုင်း တင်ညွှန့် ပြောလိုက်ခြင်း ဖြစ်သည်။

"နို့… ခင်ဗျားစာအုပ်က ဘာလဲ"

တင်ညွှန့်က ချိုင်းကြားက စာအုပ်ကို မြှောက်ပြသည်။

"မြဝတီလေဗျာ၊ ကျွန်တော်တို့ စစ်တပ်က ထုတ်တဲ့ မဂ္ဂဇင်း၊ အားပေးရမှာပေါ့ဗျ"

မေးသူက ရယ်သည်။

"ပေး ပေး… ခင်ဗျားက သွေးအေးတယ်၊ ကျွန်တော်တို့တော့ ဆက်ကျက်လိုက်ဦးမယ်"ဟု ပြောသည်။

တင်ညွှန့်က အိပ်ရာပေါ် ပက်လက်လှန်၍ မဂ္ဂဇင်းကို ဖတ်သည်။

mgyoe.com

SAMPLE BOOK

'ကူမင်တန်တို့၏ မြန်မာနိုင်ငံဘက်သို့ ထိုးဖောက်လာနိုင်သော အခြေအနေများ' တဲ့။ ဆောင်းပါးရှည်ကြီးကို သွားတွေ့သည်။

သူ စိတ်ဝင်စားသွားသည်။

ဒုတိယကမ္ဘာစစ်ကြီးက ပြီးသွားသော်လည်း ငြိမ်းငြိမ်းချမ်းချမ်း ပြီးသွားတာ မဟုတ်။ မြန်မာပြည်တွင်းမှာလည်း ပြည်တွင်းစစ် မီးပွားများ ထားသွားသည်။ ကမ္ဘာမှာလည်း အမေရိကန်နိုင်ငံ ခေါင်းဆောင်သော ကွန်မြူနစ်ဆန့်ကျင်ရေးဝါဒီများနှင့် ဆိုဗီယက်ပြည်ထောင်စု ခေါင်းဆောင်သော ကွန်မြူနစ်ဝါဒီများ ရန်စောင်နေကြသည်။ စစ်အေးတိုက်ပွဲဟု ခေါ်ကြသော်လည်း တကယ်တမ်းတော့ မအေးလှ။ ကိုရီးယားမှာ ၁၉၅၀ ကတည်းက စနေတာ တစ်ပွဲ၊ ဗီယက်နမ်မှာ တာစူနေတာ တစ်ပွဲ၊ ကွန်မြူနစ်အုပ်စုနှင့် အရင်းရှင်အုပ်စု ထိပ်တိုက်ချနေကြသည်။ မြန်မာနိုင်ငံက ပါလီမန် ဒီမိုကရေစီစနစ် ကျင့်သုံးသော နိုင်ငံ ဖြစ်သည်။ အရင်းရှင်ဘက်လည်း မလိုက်၊ ကွန်မြူနစ်ဘက်လည်း မလိုက်။ ဒါတောင် စာနယ်ဇင်းတွေကို နှစ်ဖက်အုပ်စုစလုံးက စည်းရုံးထောက်ပံ့၍ ကိုယ့်ဝါဒကိုယ် ဆွယ်နေကြသဖြင့် စာမျက်နှာတွေပေါ်မှာ တိုက်ပွဲတွေ ပြင်းထန်နေသည်။

မြဝတီကတော့ တပ်က ထုတ်သော မဂ္ဂဇင်းမို့ နှစ်ဖက်စလုံးကို ဘက်မလိုက်။ စစ်ရေး သုံးသပ်ချက်တွေနှင့် စစ်သားတို့အကြိုက် ဝတ္ထုကလေးတွေသာ များသည်။

ကွန်မြူနစ်တို့နှင့် ကူမင်တန်တို့ အကွဲအပြဲ တိုက်ပွဲတွေမှာ အရင်းရှင်အုပ်စုက ကူမင်တန်တို့ဘက်က အကူအညီတွေ ပေးလာသောအခါ ကူမင်တန်တို့က တောင်ဘက်စူးစူးသို့ ဖောက်ထွက်လာသည်။ မြန်မာ့မြေကို ကျူးကျော်တော့မှာ သေချာနေပြီ။

ဒီတစ်ခါ ရန်သူက ပြည်တွင်းစစ်တုန်းက ရင်ဆိုင်ရသည့် ရန်သူထက် အားကြီးတော့မည်။ နောက်မှာလည်း သိမ်းငှက်ကြီးက ပါလာပြီ။

အမိမြေအတွက် စိတ်ပူစိတ်ဖြင့် အဲဒီဆောင်းပါးကို သူ စိတ်ဝင်တစား ဖတ်ရှုလေ့လာသည်။

နောက်တစ်နေ့ စာမေးပွဲမှာ အံ့သြစရာ ကောင်းလှသော တိုက်ဆိုင်မှုကို တွေ့ရသည်။ ကူမင်တန်တို့၏ ကျူးကျော်မှုနှင့် ပတ်သက်၍ အသေးစိတ်မေးထားသည်။

mgyoe.com

mgyoe.com

သူ အရာရှိဖြစ်ဖို့ကံကတော့ ပါနေပြီဟု တင်ညွှန့် ယူဆသည်။ စာမေးပွဲကို အားပါးတရ ဖြေသည်။ အောင်သွားသည်။

လူတွေ့ နှုတ်ဖြေ ဖြေရသည်။

ဗိုလ်မှူးစန်းယုနှင့် တွေ့သည်။ တခြားအရာရှိတွေလည်း ပါသည်။ ဗိုလ်မှူးစန်းယုက ဗိုလ်မှူးကြီးစောမြင့် ပေးလိုက်သောစာကို ချက်ချင်း ဖတ်သော်လည်း ဘာမှ မှတ်ချက်မပေး။ တင်ညွှန့် မျက်နှာကို စေ့စေ့ကြည့်၍ မေးခွန်းထုတ်သည်။

''အမေရိကန်တွေ ဗီယက်နမ်ကို နိုင်အောင် တိုက်မယ်လို့ မင်း ထင်သလား''

တင်ညွှန့် အနည်းငယ် တွေဝေသွားသည်။ ပြီးမှ တွေးတွေးဆဆ ဖြေသည်။

''တိုက်တော့ တိုက်မယ်၊ ပြီးရင်တော့ ထားခဲ့ဦးမှာပဲ၊ သူတို့ ဆုတ်သွားမှာပါ''

ဘေးက အရာရှိတွေ မျက်နှာမှာ အံ့ဩဟန် ပေါ်သွားသည်။ ဗိုလ်မှူးစန်းယုကတော့ သဘောကျဟန်ဖြင့် ပြုံးပြီး ခေါင်းတဆတ်ဆတ် ညိတ်သည်။

''မင်း ဘာလို့ အဲသလို ထင်တာလဲ''

တင်ညွှန့် စဉ်းစားသည်။

''ကိုရီးယားတုန်းကလည်း ဒီအတိုင်းပဲ။ နောက်တော့ ဟိုမှာ တောင်နဲ့ မြောက် ကွဲကျန်ခဲ့တာသာ အဖတ်တင်တယ်၊ ဂျင်နရယ် မက်အာသာကိုတောင် ပြန်ခေါ်တာပဲ မဟုတ်လား၊ သူတို့မှာ ပြည်တွင်းက နိုင်ငံရေးဖိအားက တအားများတယ်၊ ကွန်မြူနစ်ဝါဒကို ဦးချိုးချင်လို့သာ အစိုးရက တိုက်နေတာ၊ အမေရိကန် နိုင်ငံသားတွေက စစ်ပန်းနေကြပြီ၊ မတိုက်ချင်တော့ဘူး၊ အင်အားက အသာစီးရထားတယ် ဆိုပေမယ့် ဗီယက်နမ်တွေက သူ့မြေပေါ်မှာ ပြောက်ကျားစနစ် အားကောင်းတယ်၊ ကျွန်တော် ထင်တယ်၊ ဆုတ်မှာပဲ၊ ဗီယက်နမ်တွေသာ ကံမကောင်းရင် တောင်နဲ့ မြောက် ကွဲကျန်ခဲ့ဦးမှာ၊ ကိုရီးယားတွေလိုပေါ့''

ဗိုလ်မှူးစန်းယုက ပြုံး၍ ခေါင်းညိတ်ပြီး-

''မင်း သွားတော့''

ဟု ပြောသည်။ တင်ညွှန့် မတ်တတ်ရပ်၍ အလေးပြုပြီး ထွက်လာခဲ့သည်။

mgyoe.com

m gyoe.com SAMPLE BOOK

နောက်မှ သိရသည်မှာ သူ့သုံးသပ်ချက်များက ဗိုလ်မှူးစန်းယု၏ သုံးသပ်ချက်များနှင့် တူနေ၍ ဗိုလ်မှူးစန်းယုက အလွန်သဘောကျသွားသည် ဆိုပဲ။

တင်ညွန့် ဗိုလ်သင်တန်းတက်ခွင့် ရခဲ့သည်။

## ( ၁၀ )

အဲဒီခေတ်က ဗိုလ်သင်တန်းက မေမြို့မှာ ဖြစ်သည်။ အခြားအဆင့် တပ်ခွဲ၊ ဘွဲ့ရတပ်ခွဲ၊ အလုပ်သင်တပ်ခွဲ စသည်ဖြင့် ယနေ့ခေတ်လို အမျိုးမျိုး မရှိသေး။ အရပ်သားဘဝမှ 'အင်တာ' အောင်ပြီး ဝင်လာသူများလည်း တင်ညွန့် တို့နှင့် အတူတူပဲ တက်ရသည်။

စစ်ထဲ နှစ်ခါ ပြန်ဝင်ပြီးမှ ဗိုလ်သင်တန်း တက်ရသူမို့ အားလုံးထဲမှာ တင်ညွန့် အသက်ကြီးနေသည်။ ပညာအရည်အချင်းကလည်း အနိမ့်ဆုံး ဖြစ်နေ၍ အားငယ်မိသည်။ သို့သော် ကျန်ဗိုလ်လောင်းတွေက သူ့ကို ခင်ကြပါသည်။ တင်ညွန့်၏ တယောလက်သံကလည်း လူတိုင်း ပွဲတောင်း၍မဆုံး။

ဒုဗိုလ်တင်ညွန့်ဘဝမှာ တင်ညွန့် ရွှေတြိဂံနယ်မြေသို့ တာဝန်ချထားခံရသည်။ ဖွံ့ဖြိုးတိုးတက်စပြုနေသော ထိုင်းနိုင်ငံဘက်သို့ မျှော်ငေးကြည့်ရင်း သူတို့က စစ်ဒဏ်ကို တို့လောက်မှ မခံလိုက်ရတာကိုးဟု ခဏခဏ တွေးမိသည်။ မှောင်မည်းနေသော လာအိုဘက်ကမ်းကို မျှော်ငေးကြည့်ရင်း တို့နိုင်ငံလောက် မတိုးတက်သေးတဲ့ နိုင်ငံလည်း ရှိသေးတာပဲဟု စိတ်ဖြေတတ်သေးသည်။

မှတ်မှတ်ရရ ဖြစ်ရပ်တစ်ခုကတော့ သူခိုးတစ်ယောက် ပြေးတာကို လိုက်ဖမ်းရင်း သူခိုးက ထိုင်းနိုင်ငံဘက်ကို ချောင်းကူးပြေးတော့ လှမ်းပစ်တာ သူခိုးကို မထိသော်လည်း ထိုင်းနိုင်ငံဘက်ကို ကျည်ကျဖူးသည်။ နောက်တစ်နေ့ မှာ ကျည်ဆန်ကျရာ နေရာတွေမှာ ထိုင်းစစ်တပ်က အလံတွေ ဘာတွေ လာ စိုက်၊ ရုပ်ရှင်မှတ်တမ်းတင်ရိုက်ပြီး ဒီဘက်က လူကြီးတွေကို တိုင်တော့ ဒုဗိုလ် ပေါက်စ တင်ညွန့် ဖြေရှင်းရသည်။

တစ်သက်မှာ ပထမဦးဆုံး ကြုံရသော သံတမန်ပြဿနာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ပိုင်းမှာတော့ ကူမင်တန် တရုတ်ဖြူ ကျူးကျော်သူများနှင့် ဆင်နွှဲရသော တိုက်ပွဲများက ကြီးမားကျယ်ပြန့်လာသည်။

ကိုယ်တိုင် တစ်ခါမှ မထိမခိုက်ခဲ့သော်လည်း ကိုယ့်ရဲဘော်တွေ ဒဏ်ရာရ၍ ညည်းညူနေတာကို မကြည့်လည်း မကြည့်ရက်၊ မကြည့်ဘဲ နေရတာကိုလည်း လိပ်ပြာမလုံတတ်သော တင်ညွန့် နေရခက်တတ်လာသည်။

ရဲဘော်တွေကတော့ သူတို့နှင့် တစ်သားတည်း နေတတ်သော စစ်ဗိုလ်ကလေးကို ချစ်ကြပါသည်။

တစ်ခါက ရဲဘော်တစ်ဦး မိန်းမ သွားခိုးချင်၍ ခွင့်လာတိုင်တာကို သူ စုဆောင်းမိသမျှ ဝယ်ဝတ်ထားသော လည်ပင်းက ရွှေဆွဲကြိုးကို ချွတ်ပေးလိုက်သည့် တင်ညွန့်ကို အားလုံးက အံ့သြကြသည်။

ဗိုလ်ဖြစ်ပြီး မကြာခင် တင်ညွန့် ကာလကြာမြင့်စွာ မလုပ်ဖြစ်ခဲ့သည့် အလုပ်တစ်ခုကို လုပ်သည်။

ရွာကို ပြန်တာပါ။

## ( ၁၁ )

ရွာ ရာဇဝင်တစ်လျှောက်လုံးမှာ ရွာသားထဲက စစ်ဗိုလ်ဖြစ်တာ တစ်ခါမှ မတွေ့ဖူးခဲ့သော ဆွေမျိုးအပေါင်းအသင်းများက ဒုဗိုလ်ပေါက်စ တင်ညွန့်ကို ဂုဏ်ယူဝမ်းမြောက်စွာ ဆီးကြိုကြသည်။

အိမ်မှာ ဝမ်းကွဲ ညီအစ်ကိုတွေနှင့် ရေနွေးကြမ်း သောက်ရင်း စကားဝိုင်းဖွဲ့နေစဉ် အိမ်ထဲသို့ အပျိုပေါက် မိန်းကလေး ချောချောကလေး နှစ်ဦး ဝင်လာတာ တွေ့ရတော့ တင်ညွန့် မျက်လုံးပြူးသွားသည်။

ထိုခေတ်က အပျိုတွေ ယခုလို ယောကျ်ားကလေးတွေ စုစုရုံးရုံး ရှိနေသည့် နေရာအနားကို လာလေ့မှ မရှိကြဘဲ။

''ဘယ်က ကောင်မလေးတွေလဲဗျ''

တင်ညွန့် မေးတော့ ဘေးက ဝမ်းကွဲအစ်ကိုတွေ မျက်လုံးပြူးသွားသည်။

''ဟေ့ကောင်… ကျော်မြင့်ရယ်၊ မင်းလည်း ရွာနဲ့ အဆက်ပြတ်လှချေလားကွ၊ အဲဒါ မင်းနှမအရင်းကလေးတွေ၊ မနိုနဲ့ မထူ၊ သူ့အိမ်သူ ပြန်

mgyoe.com SAMPLE BOOK

လာကြတာ၊ သူ့အိမ် ဆိုတာ မင်းအိမ်ပေါ့ကွ၊ အေးလေ… သူတို့ နှပ်ချေး တွဲလောင်းကလေး အရွယ်ကတည်းက မင်း ထွက်သွားတာ၊ ကြာလှမှကိုး''

တင်ညွှန့် ဇက်သာ ပုပြမိသည်။

အိုးပစ်အိမ်ပစ် နေခဲ့တာ ကြာတော့ ကိုယ့်နှမတွေတောင် ကိုယ် မမှတ်မိ တော့သည့်ဘဝ။ ရှိတာကလည်း ဒီနှစ်ယောက်တည်း။

## ( ၁၂ )

တပ် ပြန်ရောက်ပြီး မကြာခင် တင်ညွှန့် ရှေ့တန်းမထွက်ဘဲ အနား ရသည့် တပ်သို့ ပြန်ပြောင်းရွှေ့ရသည်။

မှော်ဘီရှိ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးတပ်ခွဲ။

ဆယ်စုနှစ် တစ်ခုလုံးနီးနီး မနားတမ်း ရှေ့တန်းထွက်ခဲ့ရသူမို့ နောက်တန်း ခဏနေခွင့်ရသည့်ဘဝကလေးက ငြိမ်းချမ်းသည်။

သူ့ထက် စီနီယာ ဖြစ်သော်လည်း အသက် မတိမ်းမယိမ်း အရာရှိ တစ်ယောက်နှင့်လည်း ညီအစ်ကိုလို ခင်သွားသည်။

ဗိုလ်ကြီးညွှန့်မောင်… တဲ့။

ဗိုလ်ကြီးညွှန့်မောင်က အိမ်ထောင်သည် ဖြစ်သည်။ သူ့နှမတစ်ဝမ်းကွဲ နှင့် သူ ပြန်အိမ်ထောင်ကျထားသည်။

တင်ညွှန့်နှင့် ဗိုလ်ကြီးညွှန့်မောင် တကယ် တပူးတွဲတွဲ ဖြစ်လာတော့ ဗိုလ်ကြီးညွှန့်မောင် ဇနီးပင် တင်ညွှန့်လောက် ယောကျာ်းနား နေချိန် မရတော့ဟု ဆိုရိုးဖြစ်လာသည်။

ဗိုလ်ကြီးညွှန့်မောင်က ဖြူနွဲ့နွဲ့၊ တက္ကသိုလ်ကျောင်းထွက်၊ တောင်ငူသား ဖြစ်သည်။ ညိုညို၊ ရင့်ရင့်၊ မြန်အောင်နားက ရွာသား တင်ညွှန့်နှင့် ဘယ်ဘဝ က ရေစက်မှန်း မသိ၊ တော်တော်ခင်ကြသည်။

တစ်ခါမှာတော့ ဘောလုံးပွဲကြည့်ဖို့ ဗိုလ်ကြီးညွှန့်မောင်က တင်ညွှန့် ကို လာခေါ်သည်။ တင်ညွှန့်က လိုက်လာပြီးမှ သူ့ထုံးစံအတိုင်း မြဝတီမဂ္ဂဇင်း စာအုပ် ဝင်ဝယ်သည်။

ဘောလုံးပွဲ မစမီမှာ ဗိုလ်ကြီးညွှန့်မောင်က ဘောလုံးပွဲများအကြောင်း ပြောနေသော်လည်း တင်ညွှန့်က ထုံးစံအတိုင်း စာအုပ်နှင့် မျက်နှာ မခွာ။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုစဉ်က မြဝတီမဂ္ဂဇင်းအတွင်းထဲမှာ အဖြူ၊ အမည်း ဓာတ်ပုံပြိုင်ပွဲ သတင်း အမြဲပါသည်။ ဆုရဓာတ်ပုံတွေနှင့် ဒိုင်တွေ၏ သုံးသပ်ချက်တွေကို ဝေဝေဆာဆာ ထည့်ပေးလေ့ ရှိသည်။

ဒီလ ဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်ကကတော့ လူပျိုကြီးတင်ညွန့်၏ မျက်လုံးကို ဖမ်းစားလိုက်သည်။

'မိန်းကလေးအလှ ဓာတ်ပုံပြိုင်ပွဲ' တဲ့။

ကမန်းကတန်း အဲဒီစာမျက်နှာကို ဆွဲဖွင့်လိုက်တော့ ရွှေရင်သိမ်းသစ် ၁၆ နှစ်ခန့်အရွယ် မိန်းကလေးတစ်ဦး၏ ပြုံးရယ်နေသော မျက်နှာကလေး ထွက်လာသည်။

ရင်တစ်ခုလုံး သိမ့်သိမ့်ခါသွားသည်။

ဘုရား… ဘုရား။

ဒီလောက်လှတဲ့ မြန်မာမိန်းကလေး ရှိသတဲ့လား။

ကျစ်ဆံမြီးကလေး နှစ်ဖက်နှင့်။ ရင်ဖုံးအင်္ကျီကလေးနှင့်။ ဓာတ်ပုံရိုက်ဖို့ ရည်ရွယ်ပြီး ဝတ်စားပြင်ဆင်ထားဟန်ပင် မပေါက်။ မျက်နှာမှာလည်း ဘာဆေးရေးမှ မခြယ်။

ငါ ငယ်ငယ်တုန်းက ဒီမိန်းကလေး ဘယ်များ ပုန်းနေခဲ့ပါလိမ့်။ ယခုတော့ ကိုယ်က လူပျိုပဲဆိုပေမယ့် ကြည့်ရတာ ဒီမိန်းကလေးက ကိုယ့်ထက် ဆယ်နှစ်မကတော့ ငယ်ပေတော့မည်။ အပြင်မှာတွေ့လို့ ဦးလေး အခေါ်မခံရလျှင် ကံကောင်း။

မချင့်မရဲနှင့် အဲဒီစာမျက်နှာက မျက်နှာမခွာသော တင်ညွန့်ကို ဗိုလ်ကြီးညွန့်မောင်က သတိထားမိသွားသည်။

''ဘာတွေ ဒီလောက် စိုက်ကြည့်နေတာလဲဗျ''

တင်ညွန့်က ရယ်သည်။

''ဒီကောင်မလေး လှလွန်းလို့ ကြည့်နေတာဗျာ၊ ဘာဖြစ်လဲ''

ဗိုလ်ကြီးညွန့်မောင်က ရယ်သည်။

''လူပျိုကြီး မိန်းကလေး ချောချောပုံ ငမ်းတာ ငမ်းခွင့် ရှိပါတယ်ဗျာ၊ ကြည့်သာကြည့်၊ ပြစမ်းပါဦး၊ ဘယ်လောက်တောင် လှနေလို့လဲ''

''ကြည့်ဗျာ၊ ခင်ဗျား အံ့သြသွားမယ်''

တင်ညွန့်က စာအုပ်ကို ဗိုလ်ကြီးညွန့်မောင်ဘက် ထိုးပြလိုက်သည်။

mgyoe.com

SAMPLE BOOK

ဗိုလ်ကြီးညွန့်မောင် မျက်နှာမှာ အံ့သြရုံသာမက ထိတ်လန့်ချောက်ချားသွားဟန်ပါ ပေါက်သွားသည်။

သို့သော် ချက်ချင်း ဣန္ဒြေဆည်၍ "သြော်... သြော်" ဟု ဆိုကာ မျက်နှာလွှဲသွားသည်။

ဒါကို သတိမထားလိုက်မိသော တင်ညွန့်က ဓာတ်ပုံနောက်ဘက်တွင် ပါသော အကဲဖြတ်ဒိုင်များ၏ မှတ်ချက်ကို ဆက်လှန်လှော ရှာဖွေ၍ ဖတ်သည်။

"ဟာ... တောင်ငူကပဲဗျ၊ ခင်ဗျားမြို့ပဲဥစ္စာ၊ ခင်ဗျား အသိအကျွမ်းတွေထဲက သမီးတစ်ယောက်ယောက် ဖြစ်မှာပဲဗျ"

သူ ပြောတာကို ဗိုလ်ကြီးညွန့်မောင် ဘာမှ ပြန်မပြောသောအခါ တင်ညွန့် လှည့်ကြည့်သည်။ ခပ်တည်တည်ကြီး လုပ်နေသော ဗိုလ်ကြီးညွန့်မောင် မျက်နှာကို သတိထားမိသွားသည်။

"ဟာ... ဘာလဲ၊ ခင်ဗျား သိနေတယ် ဟုတ်လား၊ ဒါဆို ပြောပြစမ်းပါဗျာ၊ စိတ်ဝင်စားလွန်းလို့"

ဗိုလ်ကြီးညွန့်မောင်က အံကြိတ်၍ တိုးတိုးဖြေသည်။

"ကျွန်တော့်နှမဗျ"

တင်ညွန့် မျက်လုံးပြူးသွားသည်။

"ဟာ... တကယ်လား"

"ခင်ဗျား ကျွန်တော်က ဘာလို့ နောက်ရမှာလဲ"

တင်ညွန့် ခေါင်းကုတ်သည်။

"တိုက်ဆိုင်လိုက်တာဗျာ၊ ခင်ဗျား နှမလား၊ မတူး ညီမလား"

မတူး ဆိုတာက ဗိုလ်ကြီးညွန့်မောင်၏ဇနီး ဖြစ်သည်။

"ဘာထူးလဲဗျ၊ ကျွန်တော်တို့ တစ်ဝမ်းပဲကွဲတာ ခင်ဗျား သိရက်သားနဲ့၊ ဒီလောက် သိချင်ရင် မှတ်ထား၊ ဒါ မမြရီတဲ့၊ ကျွန်တော့်နှမအရင်း၊ မတူး ညီမတစ်ဝမ်းကွဲ၊ ဟုတ်ပြီလား"

တင်ညွန့် ရုတ်တရက် ဘာဆက်ပြောရမှန်း မသိ။

ဗိုလ်ကြီးညွန့်မောင်က တိုးတိုးကလေး ဆက်ပြောသည်။

"ကျွန်တော်တို့က မွေးချင်း များတယ်ဗျ၊ ဒါပေမဲ့ ကျွန်တော့်အဖေနဲ့ အမေကလည်း မောင်နှမဝမ်းကွဲပဲ။ တစ်ဝမ်းကွဲချင်း ယူလို့လားတော့ မသိဘူး၊ မွေးလာတဲ့ ကလေးတွေက ချူချာတယ်၊ အရွယ်မရောက်ခင် ဆုံးကြတာ များ

mgoe.com

 mgyoe.com SAMPLE BOOK 

တယ်၊ လက်ရှိ ကျန်တဲ့သူတွေလည်း ခြေထောက် အားနည်းတဲ့ရောဂါ ပါလာကြတယ်၊ တကယ်တမ်း ကျန်းမာတာ သုံးယောက်တည်း၊ ကျွန်တော်ရယ်၊ ကပ်ရက်က ညီမတစ်ယောက်ရယ်၊ ဒီကောင်မလေးက ကျွန်တော့်ထက် ဆယ်နှစ်ကျော် ငယ်တယ်၊ ခုမှ ရှိလှ ၁၅ နှစ်ပေါ့၊ သူကတော့ ငယ်ငယ်ကတည်းက ထင်းနေအောင်လည်း လှတယ်၊ ကျန်းလည်း ကျန်းမာတယ်၊ ဉာဏ်လည်း သိပ်ကောင်းတယ်၊ အမေ့ဈေးဆိုင် ကူထွက်နေရလို့ ခဏခဏ ကျောင်းနားရပေမယ့် တက်ရင် အတန်းကျော်တွေချည်းပဲ ကျော်တက်တာ၊ အခု အပျိုဖော်ဝင်လာတော့ ရုပ်ကလေးက ခင်ဗျားမြင်တဲ့အတိုင်းပဲ၊ အဲဒါနဲ့ အမေ့ကို သေသေချာချာထိန်း ဆိုပြီး မှာထားတာ၊ ဘယ့်နှယ် မဂ္ဂဇင်းထဲ ဓာတ်ပုံပါရတယ်လို့ဗျာ၊ တောင်ငူ ပြန်မှ ဆူရဦးမယ်''

တင်ညွှန့် အူမြူးလာသည်။ ဓာတ်ပုံဆရာ နာမည်ကို ဖတ်ပြ၍ ''ခင်ဗျား သိလား'' ဟု မေးတော့ ဗိုလ်ကြီးညွှန့်မောင်က ခေါင်းညိတ်၍ ''သူ့ဘကြီးဗျ'' ဟု ဖြေသည်။

''ဒါဆိုလည်း ဆူမနေပါနဲ့ဗျာ၊ သူ့ဘကြီး သူ ကူညီတာ၊ ပြီးတော့ သည်ဘက်ခေတ်မှာ မိန်းကလေးတွေ အလှဓာတ်ပုံ ရိုက်ခံတာနဲ့ ဣန္ဒြေမရဘူးလို့ ဆူတာ ခေတ်နောက်ကျနေပါပြီဗျာ''

''ဒါဆိုလည်း ပြီးရောဗျာ''

''မပြီးသေးဘူး၊ ခင်ဗျား တောင်ငူ ပြန်ရင် ကျွန်တော် လိုက်မယ်''

ဗိုလ်ကြီးညွှန့်မောင် ပုံစံ ဒေါပွပုံပေါက်လာသည်။

''ဘာလဲဗျ ခင်ဗျားက''

''ဘာမှ မလဲဘူး၊ မြင်မြင်ချင်းပဲဗျာ၊ ဘာလဲ၊ ခင်ဗျားနှမ ကျွန်တော့်လို လူနဲ့ သဘောမတူနိုင်ဘူးလား''

''တူစရာလားဗျ၊ ခင်ဗျားထက် ဆယ့်သုံးနှစ် ငယ်တယ်၊ ခင်ဗျား တူမလောက် ရှိနေပြီ''

ဗိုလ်ကြီးညွှန့်မောင် စိတ်ဆိုးနေပုံကို ကြည့်၍ တင်ညွှန့် ရယ်ချင်လာမိသည်။

''အမယ်... အဲသလောက် အသက်ကွာတဲ့ စုံတွဲတွေမှ ဒီခေတ်မှာ တစ်ပုံကြီး။ ဒီမှာ ကိုညွှန့်မောင်၊ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ ကျွန်တော်က ဒီပုံကို မြင်မြင်ချင်း တကယ့်ကို အစွဲကြီး စွဲတာဗျာ၊ ခင်ဗျား

mgyoe.com

m gyoe SAMPLE BOOK

မကြိုက်လည်းနေ၊ တောင်ငူကို ခင်ဗျား မခေါ်လည်း ကျွန်တော့်ဟာ ကျွန်တော် သွားရှာမှာပဲ၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ညီအစ်ကိုလို နေကြတာ၊ အဲသလောက် တော့ သဘောထားကြီးစမ်းပါဗျာ''

ဗိုလ်ကြီးညွန့်မောင်က တင်ညွန့်ကို အကြာကြီး မျက်လုံးပြူးကြည့်နေ ပြီးမှ သက်ပြင်းချသည်။

''ကဲ… ဒီလောက် ဖြစ်နေလည်း ကိုယ့်ဘာသာကိုယ် ကြိုးစားဗျာ။ နည်းနည်းတော့ စောင့်ဦးပေါ့၊ သူက ခုမှ ဆယ်တန်းတက်တာ၊ ပြီးတော့ တည်တည်တံ့တံ့လည်း သဘောထားဦး''

တင်ညွန့် ဝမ်းသာသွားသည်။

''ကောင်းပါလေ့ဗျာ၊ ကျွန်တော် မရှုပ်မပွေတာတော့ ခင်ဗျားလည်း သိတဲ့အတိုင်းပဲ၊ ဒါဆို ခင်ဗျား ကျွန်တော့်ကို တောင်ငူ ခေါ်သွားတော့မယ်ပေါ့''

ဗိုလ်ကြီးညွန့်မောင်က မျက်စောင်းထိုးကြည့်သည်။

''ရန်ကုန် မြို့မကျောင်းမှာ တက်နေတာဗျ''

တင်ညွန့် ထခုန်သည်။

''ဝေး… ပျော်လိုက်တာဗျာ၊ ဒီပိတ်ရက် သွားလည်ကြရအောင်နော်၊ ဟုတ်လား''

ဗိုလ်ကြီးညွန့်မောင်က ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

''ကိုတင်ညွန့်ရယ်၊ ခင်ဗျား သူ့အစ်ကိုရှေ့ ပြောနေတယ်ဆိုတာလေး လောက်တော့လည်း သတိရစမ်းပါဦး''

တင်ညွန့် အူမြူးစွာ ရယ်ပါသည်။

## ( ၁၃ )

မြို့မ မိန်းကလေးကျောင်း၏ လှယဉ်ကျေးမယ် ရွေးပြိုင်ပွဲ ပရိသတ် အတွင်းသို့ စစ်ဗိုလ်နှစ်ဦး ရောက်နေကြသည်။

ထိုခေတ် ထိုအချိန်အခါက မယ်ရွေးပွဲ နှစ်မျိုး ရှိသည်။ ကာယ အလှမယ်ရွေးပွဲက ရေကူးဝတ်စုံနှင့် ယှဉ်ပြိုင်ရပြီး လှယဉ်ကျေးမယ် ရွေးပွဲက မြန်မာဝတ်စုံနှင့် ယှဉ်ပြိုင်ရသည်။

mgyoe.com

myoe.com SAMPLE BOOK


ဆရာမကြီးတွေနှင့် ရင်းနှီးသော စစ်ဗိုလ်တွေ တစ်ခါတလေ မယ်ရွေးပွဲမှာ လာအားပေးကြတာ မဆန်းသော်လည်း ဒီတစ်ခါတော့ ပြိုင်ပွဲဝင်ရမှာ အဲဒီ စစ်ဗိုလ်နှစ်ဦးကြောင့် မမြရီ ရင်ဖိုနေသည်။

တကယ်တော့ မမြရီ၏ မိဘများမှာ တောင်ငူမြို့တွင် တော်တော်ရှေးဆန်သည့် အတွေးအခေါ်ရှိသူများပါ။ ဖခင်ကြီးက စာရေး၊ တက္ကသိုလ်ပညာ မသင်ဖူးသော်လည်း အဲဒီခေတ်က အထက်တန်းပညာလောက် သင်ဖူးလျှင် စာရေး ဖြစ်သည်။ မိခင်ကြီးက ပညာသိပ်မတတ်။ တောင်ငူဈေးထဲမှာ ကွမ်းသီးဆိုင် ဖွင့်ထားသည်။ မိန်းကလေး ဆိုတာ ပညာတတ်စရာ မလိုဘူးဟုလည်း ခံယူထားသူ ဖြစ်သည်။ မမြရီကို ကွမ်းသီးဆိုင်တွင် ကူလုပ်ခိုင်းထားသဖြင့် တော်တော်နှင့် ကျောင်းဆက်မတက်ရ ဖြစ်ဖူးသည်။ ရုပ်ချောသလောက် ဉာဏ်ကောင်းသော မမြရီကို ကျောင်းက ဆရာ၊ ဆရာမတွေက အလွန်ချစ်သဖြင့် မိခင်ကြီးကို လိုက်လိုက်ရန်ဖြစ်ပေးမှ ကျောင်းက ပြန်တက်ရတာ ဖြစ်သည်။ ဉာဏ်ကောင်းသော မမြရီကလည်း တစ်နှစ် နှစ်တန်း၊ သုံးတန်း ခုန်ခုန်တက်သဖြင့် ၁၅ နှစ်မှာ ၁၀ တန်း ရောက်လာသည်။ မိန်းကလေး ၁၀ တန်းအထိ ပညာသင်တာ တစ်ခါမှ မတွေ့ဖူးသော မိခင်ကြီးက မြည်တွန်တောက်တီးနေသည့်ကြားကပင် ပညာတတ် အစ်ကိုအကြီးဆုံး ဗိုလ်ကြီးညွန့်မောင်က နှမလေးကို ရန်ကုန်ရှိ မြို့မ မိန်းကလေးကျောင်းသို့ ပို့ခဲ့သည်။

သူတို့ ဖခင်နှင့် မိခင်လည်း မောင်နှမတစ်ဝမ်းကွဲ တော်စပ်သည်ဟု သိရသည်။ ယုံတော့ မယုံနိုင်စရာ။ ဖခင်ကြီးက ရှမ်းပြည်မှာ ကြီးခဲ့ပြီး ဖြူဖြူဖွေးဖွေး၊ မိခင်ကြီးက တောင်ငူမှာ ကြီးပြီး ညိုညိုတုတ်တုတ်။ မောင်နှမတွေဆယ်ယောက်ကျော် မွေးသော်လည်း မွေးရာပါ မျိုးရိုးဗီဇ ရောဂါတစ်ခုဖြင့် ငယ်စဉ်မှာပင် ကွယ်လွန်ကြသည်။ ကျန်တာက ဗိုလ်ကြီးညွန့်မောင်ရယ်၊ မမြရီ အထက်မှာ အစ်မတစ်ယောက်၊ အစ်ကို တစ်ယောက်ရယ်၊ မမြရီအောက်မှာ ညီမတစ်ယောက်ရယ်။ ထိုအစ်ကိုလည်း ရောဂါပါလာသည်။ လူပျိုဖော်ဝင်ပြီးကတည်းက မတ်တတ်မရပ်နိုင်တော့။ အိမ်ပေါ်တွင် ဖင်ရွှေ့သွားရသည်။ ညီမကတော့ လမ်းလျှောက်နိုင်ပေမယ့် သိပ်မသန်။ အစ်မကတော့ အိမ်ထောင်ကျနေပြီ။ ဒီမောင်နှမတွေကြားမှာ အကျန်းမာဆုံး၊ အလှဆုံး၊ ဉာဏ်အကောင်းဆုံး ဖြစ်သော မမြရီကို အစ်ကိုကြီးဖြစ်သူ ဗိုလ်ကြီး

mgyoe.com

mgyoe.com SAMPLE BOOK

ညွှန့်မောင်က တော်တော်ချစ်သည်။ သူ အမေနှင့် ရန်ဖြစ်ပေးလို့လည်း မမြရီ ဒီမျှ ကျောင်းဆက်တက်ခွင့် ရနေတာ ဖြစ်သည်။

သို့သော် မမြရီ အလှကြောင့် ထင်ရှားတာကိုတော့ ဗိုလ်ကြီးညွှန့်မောင် သဘောမကျပါ။ နှမချောချော ရှိသည့် အစ်ကိုတွေ ထုံးစံအတိုင်း တွန့်တိုတတ်ပါသည်။

ဒါကြောင့်လည်း အစ်ကိုကို ဒီမယ်ပြိုင်ပွဲ ဝင်ဖြစ်တာ မမြရီ ပြော မထားပါ။ ဆရာမကြီးတွေက–

''မြရီ၊ သမီးက ဒီလောက် လှတာ၊ ဝင်ပြိုင်စမ်း၊ တို့ကျောင်း ဂုဏ်ရှိတာပေါ့''

ဟု ပြောတော့လည်း မငြင်းရဲပါ။ ပြီးတော့မှ ဒီအစ်ကိုက ဘယ်ကနေ ရောက်လာသည် မသိ။ ပြီးတော့ ပိန်ပိန်၊ အသားညိုညို၊ မျက်ခုံးထူထူ၊ အကြည့် စူးစူးရဲရဲနှင့် စစ်ဗိုလ်တစ်ယောက်ကလည်း ပါလာလိုက်သေးသည်။ သူတို့ရှေ့မှာ စင်မြင့်ပေါ်ကို ဘယ်လို ထွက်လျှောက်ပြရမည်ကို မမြရီ စဉ်းစားလို့ကို မရ။

ပရိသတ်ထဲမှာလည်း ဗိုလ်တင်ညွှန့်နှင့် ဗိုလ်ကြီးညွှန့်မောင်တို့ ထုံးစံ အတိုင်း ငြင်းခုံနေကြပြန်သည်။

''အလှဆုံးပဲဗျာ၊ ဘာမှ လျှောက်ပြနေစရာတောင် မလိုဘူး၊ ခင်ဗျား နှမပဲ မယ်ပေးရမှာ''

ဗိုလ်ကြီးညွှန့်မောင်က မျက်စောင်းထိုးသည်။

''ခင်ဗျားကိုက ကဲနေတာပါဗျာ၊ ကျွန်တော် ကြည့်ရတာဖြင့် လူကြီး တွေ ပြိုင်တဲ့အထဲ ကလေးက ဝင်ရှုပ်နေသလိုပဲ''

၁၅ နှစ်အရွယ် ကလေးရုပ် မပျောက်သေးသည့် မမြရီက ဗိုလ်ကြီး ညွှန့်မောင် ပြောလည်း ပြောစရာပါပေ။

တကယ် ပြိုင်ပွဲပြီးတော့ မမြရီ တတိယသာ ရသည်။

တင်ညွှန့် မကျေနပ်။

''ဘာလဲဗျာ၊ ဒီဒိုင်တွေ မျက်စိမှ ပါရဲ့လား''

ဗိုလ်ကြီးညွှန့်မောင်က ရယ်သည်။

''ပရိသတ်ထဲက ခင်ဗျားလိုပဲ ထင်တဲ့ လူကြီးတွေ စင်နောက်မှာ သွားရန်ဖြစ်ပြီးပါပြီဗျာ၊ မပြိုင်ခင်က သူတို့ကို အမျိုးသမီးဆရာဝန်တစ်ယောက် နဲ့ ဆေးစစ်ခိုင်းတာဗျ၊ ကျွန်တော့်နှမက ငယ်ငယ်က စက်ဘီးလဲပြီး ခြေထောက်